# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း (၈) ရက် ၊ သောကြာနေ့ ၊ (22-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင်ကျရောက်သော မြန်မာနိုင်ငံနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့်မြောက်သည့် အထိမ်းအမှတ်အခါသမယတွင် အဆွေတော်နှင့် ဘရူနိုင်းနိုင်ငံပြည်သူများထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်သူများကိုယ်စား မိမိမှ ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့သည် အာဆီယံမိသားစုဝင်များဖြစ်သည့်အားလျော်စွာ ဒေသတွင်းငြိမ်းချမ်းရေးနှင့်သာယာဝပြောမှုမြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်လျက် နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာမျက်နှာစာတွင် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများထားရှိနိုင်ခဲ့ကြသည်ကို တွေ့မြင်ရသည့်အတွက် များစွာဝမ်းမြောက်မိပါသည်။ မိမိတို့နှစ်နိုင်ငံအကြားရှိ ရင်းနှီးသောဆက်ဆံရေးနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများသည် စာမျက်နှာ ၁၈ ကော်လံ ၂ သို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခါသမယတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မိမိတို့နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့်မြောက်သည့်အထိမ်းအမှတ်အခါသမယတွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံသို့ နွေးထွေးစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်သုံးစုကျော်ကာလအတွင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် ပညာရေးကဏ္ဍနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများတွင် နွေးထွေးပြီး ကာလရှည်ကြာသည့်ဆက်ဆံရေးကို ရရှိခံစားခဲ့ကြပါသည်။ နှစ်နိုင်ငံနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် မျှော်လင့်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိကြောင်းဖော်ပြလျက် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

**မြန်မာနိုင်ငံအစိုးရနှင့်ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုများရုံးတို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ဆွေးနွေး**

စာမျက်နှာ - ၁၆

**မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းက ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၉ ရက်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၆ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ - ၃၀

**ပုဂံမြို့က အပြောင်းအလဲများ**

ဆောင်းပါး

စာမျက်နှာ - ၂၆




ရတနာပုံ
၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၂ ရက်
အယ်ဒီတာ့အာဘော်

# ကျေးလက်နှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး

အသိအလိမ္မာတိုးတက်ရန်နှင့် လူအချင်းချင်း ကူးလူးဆက်ဆံနိုင်ရန်အတွက် လူသားတိုင်း၊ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးမှာ အရေးကြီးလှပေသည်။ ထို့ပြင် နိုင်ငံတည်ဆောက်ရာတွင်လည်း စာတတ်မြောက်သူများနှင့် ထူထောင်မှသာ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ပေသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ"ဆိုသည့်အတိုင်း စာကောင်းပေကောင်းများကို ဖတ်ရှုခြင်းအားဖြင့် အသိပညာ ဗဟုသုတများ ကြွယ်ဝကာ မိမိ၏လုပ်ငန်းများတွင်လည်း အောင်မြင်မှုများရရှိစေမည် ဖြစ်ပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ပညာခေတ်တွင် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်သွားရန်၊ ယခင် မိမိတို့နိုင်ငံတွင် "အ"သုံးလုံးသင်တန်းများ သင်ကြားပေးခဲ့ရာ အောင်မြင်မှုများရရှိခဲ့သဖြင့် ကမ္ဘာပေါ်တွင် စံပြပုံစံအဖြစ် အသိအမှတ်ပြုခံခဲ့ရကြောင်း၊ "အ"သုံးလုံးသင်တန်းများမှတစ်ဆင့် စာပေဖတ်ရှုမှုကို စိတ်ဝင်စားလာပြီး ပညာတတ်မြောက်လိုစိတ်များ ဖြစ်ပေါ်လာခြင်း၊ ကျောင်းပြင်ပ ပညာရေး **(Non-Formal Education)** ဖြင့် မူလတန်းပညာ **KG+5** ထိ သင်ကြားပေးနိုင်ကြောင်း၊ ထိုမှတစ်ဆင့် **KG+9** ကို သင်ကြားပေးနိုင်မည်ဖြစ်ကြောင်းဖြင့် စက်တင်ဘာ ၁ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၃)တွင် အကျယ်တဝင့် လမ်းညွှန်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မူလတန်းပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရသည့် ကလေး ၂ ဒသမ ၇ သန်းခန့်ရှိပြီး အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူ ၃ ဒသမ ၅၅ သန်းခန့်ရှိနေသည်။ အလားတူ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအရ နိုင်ငံအတွင်းတွင် အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူပေါင်း ၄ ဒသမ ၁ သန်းခန့်ရှိကြောင်း ပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**"စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများ ရရှိရုံသာမက မိမိတို့ဒေသတွင်၊ နိုင်ငံတွင်၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု စသည့်အကျိုးကျေးဇူးများလည်း ရရှိစေရန် စွမ်းဆောင်ပေးကြောင်းကို ထင်ရှားစေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ ဦးတည်လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နေချိန်တွင် ယင်းစနစ်ကို အကောင်အထည်ဖော်မည့် ပုဂ္ဂိုလ်များနှင့် လိုက်နာကြရမည့် ပုဂ္ဂိုလ်များသည် စာတတ်မြောက်ရန်နှင့် အတန်းပညာတတ်မြောက်နေရန် လိုအပ်သကဲ့သို့ ဒေသခံတိုင်းရင်းသားများကလည်း မြန်မာနိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစာကိုလည်း တတ်မြောက်နေရန် လိုအပ်သည့်အတွက် စာတတ်မြောက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း"** စက်တင်ဘာ ၁၉ ရက်က ကျင်းပသော ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ရာ စာတတ်မြောက်ပါမှ အသိဉာဏ်ဗဟုသုတကြွယ်ဝပြီး အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး၊ အထူးသဖြင့် တစ်နိုင်ငံလုံး စာတတ်မြောက်မှုတိုးတက်လာရေးကို ပညာရေးဝန်ကြီးဌာနတစ်ခုတည်းသာမက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် ယဉ်ကျေးမှုပြတိုက်သို့ ဩဂုတ်လတွင် လာရောက်လေ့လာလည်ပတ်သူ ဦးရေ ၁၀၇၈၀ ရှိခဲ့




**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် ယဉ်ကျေးမှုပြတိုက်သို့ ဩဂုတ်လတွင် လာရောက်လေ့လာလည်ပတ်သူဦးရေ ၁၀၇၈၀ ရှိခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသောင်းက ပြောပြ၍ သိရသည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် ယဉ်ကျေးမှုပြတိုက်သို့ ဩဂုတ်လအတွင်း လာရောက်လေ့လာလည်ပတ်မှုမှာ ပြည်တွင်းခရီးသွားဧည့်သည်ဦးရေ ၆၈၆၀ နှင့် ပြည်ပနိုင်ငံခြားသားခရီးသွားဧည့်သည်ဦးရေ ၃၉၂၀ စုစုပေါင်း ဦးရေ ၁၀၇၈၀ ရှိကြောင်း သိရသည်။

"ယဉ်ကျေးမှုပြတိုက်ထဲမှာ ရှေးဟောင်းပစ္စည်းတွေကို ပြသထားပါတယ်။ ဒါ့ပြင် နန်းတော်ဆောင်တွေကိုလဲ လေ့လာလို့ရပါတယ်။ လာရောက်လေ့လာကြတဲ့အခါမှာ မိသားစုတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ၊ ပြည်ပခရီးသွားတွေနဲ့ မန္တလေးနဲ့နီးတဲ့ဒေသတွေက လာရောက်ကြတာ များပါတယ်။ လေ့လာကြတဲ့အခါမှာ ကျောက်စာရုံ၊ စွယ်တော်ရှင်ဘိုးဘိုးကြီး၊ အမြောက်ပြတိုက်၊ မင်းတုန်းမင်းအုတ်ဂူ၊ ဒင်္ဂါးစက်ရုံ၊ စကြာဒေဝီမိဖုရားခေါင်ကြီးအုတ်ဂူ၊ မြောက်ဥယျာဉ်၊ တောင်ဥယျာဉ်တွေကိုလဲ သွားရောက်လေ့လာကြပါတယ်။ နန်းခုံကြီးပေါ်လဲ လေ့လာကြပါတယ်။ နန်းတော်ပြတိုက်မှာ မင်းတုန်းမင်း လက်ရေးမူနဲ့အတူ ရတနာပုံခေတ် ပန်းပုလက်ရာ၊ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေ၊ ကမ္ဗဝါတွေ၊ ပေထုပ်တွေကိုလဲ လေ့လာလို့ရပါတယ်။ အခုနောက်ပိုင်းမှာ လာရောက်လေ့လာသူတွေများလာပါတယ်"ဟု ဒေါ်မျိုးမျိုးသောင်းက ပြောပြသည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်း ဝင်ကြေးအနေဖြင့် ပြည်တွင်းခရီးသွားဧည့်သည် တစ်ဦးလျှင် ငွေကျပ် ၅၀၀၊ နိုင်ငံခြားသားခရီးသွားဧည့်သည်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားပြီး ပိတ်ရက်မရှိ နံနက် ၇ နာရီ မိနစ် ၃၀ မှ ညနေ ၅ နာရီထိ ဖွင့်လှစ်ထားကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး စက်တင်ဘာ ၂၁**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ်အော်တိုဂီယာဘီးများနှင့် တရုတ်တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း အရောင်းအဝယ်ဖြစ်လာကြောင်း မန္တလေးမြို့ ၅၉လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် Click (ပုံပြောင်း)ဒလက် ၂၀၁၉ မော်ဒယ်ဘီးများမှာ ငွေကျပ် ၂၈ သိန်း ၅ သောင်းမှ ၃၅ သိန်းခန့်၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၅ သိန်း၊ Click(စပုတ်)မှာငွေကျပ် ၁၃ သိန်း ၅ သောင်းခန့်၊ Scoopy i အမျိုးအစားဘီးများမှာငွေကျပ် ၁၃ သိန်း ၅ သောင်းမှ ၁၅ သိန်းခန့်၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်း မှ ၁၉ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင်လည်း ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ် အနည်းငယ်ရှိနေကာ နံပါတ်ထွက်ပြီး တစ်ပတ်ရစ်ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ် အေးနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀မှ သိန်း ၃၅၀ ကြားရှိ ကားလေးများ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၃၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀၊ Auto ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ် လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

(၁၇၃)

# မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ နှမ်းအရောင်းအဝယ်လုပ်ကိုင်သူ စက်တင်ဘာလ ဒုတိယပတ်မှစ၍ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာ

**မန္တလေး စက်တင်ဘာ ၂၁**

ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်း ပဲ၊ နှမ်း အရောင်းအဝယ်လုပ်ကိုင်သူ စက်တင်ဘာလ ဒုတိယပတ်မှစ၍ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိ ရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ နှမ်းကုန်စည်များကို ပုံမှန်အတိုင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ စက်တင်ဘာလ ပထမပတ်က မန္တလေး ကုန်စည်ဒိုင်အတွင်း ပဲ၊ နှမ်းအရောင်းအဝယ်လုပ်ကိုင်သူ အနည်းငယ်သာ ရှိခဲ့သော်လည်း စက်တင်ဘာလ ဒုတိယပတ်မှစ၍ အရောင်းအဝယ်လုပ်ကိုင်သူ များပြားလာကြောင်း သိရသည်။

"အခုက ပဲ၊ နှမ်းကုန်စည် အားလုံးနီးပါး အရောင်းအဝယ် ပြန်ပြီးကောင်းလာတယ်။ ကုလားပဲ၊ မတ်ပဲနဲ့ နှမ်းကတော့ အရောင်းအဝယ်ပြန်ကောင်းနေတယ်။အဝယ်မလိုက်ဘဲ အရောင်းအဝယ်မကောင်းတဲ့ ကုန်စည်ကတော့ အနည်းငယ်လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ နှမ်းအရောင်းအဝယ်လုပ်ကိုင်သူ ဦးရေမှာ စက်တင်ဘာလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၆၀၀ ကျော်သာရှိခဲ့သော်လည်း စက်တင်ဘာလ ဒုတိယပတ်မှစ၍ ပဲ၊ နှမ်း အရောင်းအဝယ်လုပ်ကိုင်သူ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

မန္တလေးကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်ပေးထားကြောင်းသိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သံတွဲမြို့နယ် တံခွန်တိုင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**သံတွဲ စက်တင်ဘာ ၂၁**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် တံခွန်တိုင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိထွေးဝင်း၊ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့်တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ တံခွန်တိုင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိထွေးဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

တံခွန်တိုင်ကျေးရွာ၌ အရှည်ပေ ၃၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၁ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် သြဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက တံခွန်တိုင်ကျေးရွာရှိ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ ရာသီမရွေး သောက်သုံးရေ အခက်အခဲများ အဆင်ပြေလာမည်ဖြစ်ကြောင်း သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကွတ်ခိုင်မြို့နယ် အောက်ပုန်းထွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကွတ်ခိုင် စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အောက်ပုန်းထွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးယိုင်ဆိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက အောက်ပုန်းထွန်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ကွတ်ခိုင်မြို့နယ် အောက်ပုန်းထွန်ကျေးရွာ၌ အရှည် သုံးမိုင်စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဂါလန် ၃၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၆၆ ဒသမ ၂၇၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Royal Summit Top ကုမ္ပဏီက ဇူလိုင်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၄၄၉၂ ဧက စိုက်ပျိုးပြီးစီး




**ရမည်းသင်း စက်တင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၄၄၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၉၂၆၉ ဧက စိုက်ပျိုးရန်လျာထားပြီး မေလတတိယပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၄၄၉၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မိုးစပါး ၄၄၄၉၂ ဧကတွင် မနော်သုခ ၄၀၁၉၃ ဧက၊ ရောမင်း ၁၇၇၄ ဧက၊ ပုလဲသွယ်ဧက ၇၀၊ ဆင်းသုခ ၁၇၇၄ ဧက၊ တောင်ယာ ၆၈၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ မိုးစပါးကို စပါးမျိုးအနေနဲ့ ငါးမျိုး အဓိကထားစိုက်ပါတယ်။ ဒေသနဲ့ကိုက်ညီတဲ့ စပါးမျိုးတွေကို စိုက်ပျိုးကြတာပါ။ အခုချိန်ထိ မိုးစပါး ၄၄၄၉၂ ဧက စိုက်ပျိုးပြီးပါပြီ။ လျာထားဧကပြည့်မီဖို့ ကျန်ရှိနေသေးတဲ့စိုက်ဧကတွေကိုလဲ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ တောင်သူတွေ မိုးစပါးစိုက်ပျိုးတဲ့အခါမှာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားတဲ့ နည်းစနစ်တွေနဲ့ စိုက်ပျိုးပါတယ်။ စပါးမျိုးသက်တမ်းတွေအနေနဲ့ကတော့ မျိုးအလိုက်သက်တမ်းရှိကြပါတယ်။ အခုစိုက်ပျိုးတဲ့ မျိုးတွေအပြင် တခြားအထွက်နှုန်းကောင်း စပါးမျိုးတွေကိုလဲ စိုက်ကြပါတယ်" ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက် တောင်သူများအနေဖြင့် မိုးစပါးများစိုက်ပျိုးကြရာတွင် သဘာဝရရှိသော မိုးရေ၊ ဆည်ရေ သောက်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် မြေအောက်ရေစနစ်ဖြင့် စိုက်ပျိုးခြင်း စသည့်နည်းမျိုးစုံဖြင့် စိုက်ပျိုးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# စလင်းမြို့နယ် ဆည်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဖွဲ့စည်း

**စလင်း စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်ပြန်လည်ဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရန်အချက်များနှင့် ကော်မတီဝင်များ၏ တာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**အထွေး**

# နတ်တလင်းမြို့နယ် သဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**နတ်တလင်း စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသာကုန်းကျေးရွာအုပ်စု မြို့ကလေးကျေးရွာနှင့် သရက်တပင်ကျေးရွာအုပ်စု သဲကုန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက သဲကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း၊ အရောင်းအဝယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်အပြင် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်သက်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာနှစ်ရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၂၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၄ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၈၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**



# ထုံးဘိုနဲ့အကောက်တောင် ဂုဏ်ရောင်အဆင့်မြှင့်သင့်ပြီ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"သူငယ်ချင်းရေ. . . မင်းအရင်တစ်ခါက ပြောပြခဲ့တဲ့ **အကောက်တောင်သမိုင်း**နဲ့ ပါးစပ်ပြောရာဇဝင်အကြောင်းကို ငါအပါအဝင် ဘုရားဖူးခရီးသည်တွေ၊ လေ့လာချင်သူတွေက ဂယနဏမသိရင်နေပါစေ။ အကြမ်းဖျင်းလောက်တော့ သိချင်နေကြတယ်ကွ"

"ဘယ်လို အကြမ်းဖျင်းသိချင်ကြတာလဲကွ"

"အကောက်တောင်လို့ ဘာကြောင့်ခေါ်တာလဲ။ အကောက်တောင်ဘုရားတွေကို ဖူးမြော်ခွင့်ရခဲ့ကြပေမဲ့ ရွှေမြင်တင်ဘုရားကို မဖူးမြော်နိုင်ကြဘဲ ပြန်လာခဲ့ကြရတဲ့ ဘုရားဖူးခရီးသည်တွေဟာ စိတ်ထဲမှာဇဝေဇဝါနဲ့ အဖြေရှာမရကြဘဲ ဒွိဟသံသယစိတ်တွေဝင်ပြီး သို့လောသို့လော ပြောဆိုနေကြတာတွေ။ မင်းက မီဒီယာသမားဆိုတော့ အမြင်ကွယ်၊ အတွေးကျယ်ပြီး သိနေမှာပဲလို့ ငါယုံကြည်လို့ မင်းကိုမေးမြန်းရတာပါကွာ"

"ဪ. . . ဒီလိုလား။ ငါလဲ တစ်စုံတစ်ခုကို သိချင်လို့ စေ့ငုသေချာသိရအောင် တစ်နည်းအားဖြင့် စာပေကုန်ကြမ်းရအောင် လက်လှမ်းမီသမျှ လေ့လာမှတ်သားခဲ့တာပဲကွ။ အမှား၊ အမှန်ကိုတော့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကွင်းဆင်းလေ့လာအဖြေရှာမှ မင်းအပါအဝင် ဘုရားဖူးခရီးသည်တွေလဲ လိုအင်ဆန္ဒပြည့်ဝတဲ့အဖြေကိုရကြမှာကွ။ ငါ ထုံးဘိုကိုရောက်တော့ သတိထားပြီး လေးစားသွားရတာက လုပ်ကြံခံခဲ့ရတဲ့ အာဇာနည်ကြီးတွေထဲမှာပါဝင်ခဲ့တဲ့ **သခင်မြ**ဟာ ထုံးဘိုဇာတိဆိုတာ သတိရသွားတာပါပဲကွာ"

"ဟုတ်တယ်ကွ။ သခင်မြဟာ ထုံးဘိုဇာတိမို့ ပြည်ခရိုင် ပန်းတောင်းမြို့နယ်က မြို့နယ်သူ၊ မြို့နယ်သားတွေဟာ သမိုင်းပြောင်၊ ဂုဏ်ရောင်တောက်နေကြတာပေါ့ကွာ"


"ရှိသေးတယ်ကွ၊ အငြိမ်းစားယူသွားတဲ့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ပန်းတောင်းသားဆိုတော့ သမိုင်းမှာနာမည်ပျက်မရှိဘဲ ပန်းတောင်းမြို့ရဲ့ဂုဏ်ဆောင်မို့ ပန်းတောင်းမြို့ရဲ့ သမိုင်းကြောင်းဟာ အစဉ်အလာကောင်းနေဆဲပါကွာ။ အခုတော့ **အကောက်တောင်ဘုရားတွေရဲ့ ဘုန်းတေဇာရောင်ဝါက ကွန့်မြူးလာပြီးတော့ ပန်းတောင်းမြို့ အပါအဝင် ထုံးဘိုမြို့**ကလဲ မြန်မာနိုင်ငံမှာထင်ရှားတဲ့ နေရာဒေသအဖြစ် သမိုင်းတွင်ရစ်အောင် ရေပန်းစားလူသိများလာကြပြီကွ။ နိုင်ငံခြားသားတွေပါလာရောက်သုတေသနပြုနေကြပြီဆိုတော့ ပန်းတောင်းမြို့ ထုံးဘိုဟာ ကမ္ဘာကျော်ဒေသဖြစ်လာပြီကွ"

"အေး မင်းပြောတာမှန်တယ်။ အခု ဘုရားဖူးသွားလာရေး ပို့ဆောင်ရေးလုပ်ငန်းရှင်တွေက **ရွှေငါးရွှေဘုရားဖူးစရီးစဉ်**လို့ကြွေးကြော်ပြီး ဘုရားဖူးခရီးသွားလုပ်ငန်းစဉ်တစ်ရပ်ကို တိုးချဲ့ဖွင့်လှစ်လာကြပြီကွ"

"**ရွှေငါးရွှေဘုရားဖူးစရီးစဉ်**ဟုတ်လား။ ဘာရွှေငါးရွှေလဲကွာ။ ငါလဲ ခေတ်နောက်ကျနေပါပြီ။ ရှင်းပြစမ်းပါအုံးကွာ"

"ရွှေငါးရွှေဆိုတာ (၁) ရွှေတောင်မြို့က ရွှေနတ်တောင်ဘုရား၊ (၂) ရွှေမျက်မှန်ဘုရား၊ (၃) ပြည်မြို့က ရွှေဆံတော်ဘုရား၊ (၄) အကောက်တောင်က ရွှေမြင်တင်ဘုရားနဲ့ (၅) ပန်းတောင်းမြို့နယ်ထဲက ရွှေဘုံသာမုနိဘုရားပဲကွ။ ရွှေငါးရွှေဘုရားဖူးခရီးစဉ်နဲ့ လိုက်ပါဖူးမြော်ကြလိုသူတိုင်းဟာ ကိုဗစ်မဖြစ်ပွားခင်က တစ်ယောက် ငွေကျပ် ၃၀၀၀၀ နှုန်းပေးကြရတယ်ကွ။ နေ့ချင်းပြန်ခရီးပဲကွ။ လူတွေတော်တော်များများကလဲ ထူးခြားဆန်းပြားတာတွေကို လေ့လာသုံးသပ်ချင်ကြလေ့ရှိတော့ အကောက်တောင်ဘုရားတွေကို စိတ်ဝင်စားလာခဲ့ကြတယ်ကွ။ တီဗီထဲမှာပဲ ထူးခြားဆန်းပြားလှတဲ့ အကောက်တောင်ရှိ ဗုဒ္ဓရုပ်ပွားတော်တွေကို ဖူးမြော်ခဲ့ကြရလို့ ကိုယ်တွေ့ဖူးမြော်ချင်ကြတော့ အကောက်တောင်ရှိ ဗုဒ္ဓရုပ်ပွားတော်မျိုးစုံက ဘုရားဖူးခရီးသည်တွေကို ဆွဲဆောင်နိုင်ခဲ့တာပေါ့ကွာ"

"အဲဒီအထဲမှာ ငါလဲအပါအဝင်ပေါ့ကွာ။ ငါ့မှူခင်းသတင်းထောက်တွေ၊ ငါ့မိတ်ဆွေတွေက စာရေးဆရာဖြစ်တဲ့ငါ့ကို လာရောက်လေ့လာဖူးမြော်ဖို့ မကြာခဏဖိတ်ခေါ်ခဲ့ကြတယ်ကွ။ ငါကလဲ အလုပ်များပြားနေတဲ့အပြင် အကောက်တောင်ဘုရားဖူးရင် ဧရာဝတီမြစ်ရဲ့ စုပ်ဝဲက တော်တော်ကြောက်လန့်စရာကောင်းတယ်လို့ ပြောပြနားရည်ဝနေလေတော့ ငါမသွားရဲဘူးကွ။ တစ်နှစ်မှာ သင်္ကြန်ကာလ ရွှေတောင်မြို့ အောင်မင်းခေါင်မမ္မရိပ်သာကျောင်းမှာ တရားစခန်းဝင်တော့ နွေရာသီလဲဖြစ်၊ ရေနည်းချိန်လဲဖြစ်၊ စုပ်ဝဲမရှိဘူးလို့ပြောဆိုကြတော့မှ သွားရဲတာကွ။ အပေါင်းအသင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေကလဲ တာဝန်ယူပါတယ်ဆိုလို့ အခြေအနေပေးတုန်းမှာ အရဲစွန့်သွားခဲ့တာပဲကွ။



သွားရကျိုးလဲနပ်ပါတယ်။ ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ ဘုရားစေတီတော်တွေကို အံ့အားသင့်ဖွယ်ဖူးမြော်ရတဲ့အပြင် ဒေသန္တရဗဟုသုတတွေကိုရခဲ့လို့ ငါ့အတွက် စာပေကုန်ကြမ်းတွေရခဲ့တယ်ကွ။ မင်းသိချင်တာတွေကိုလဲ ငါသိသမျှပြောပြမယ်ကွာ။ ငါ ထုံးဘိုကိုရောက်ရောက်ချင်း ထုံးဘိုမြို့ ရှုထောင့်သတင်းမီဒီယာရုံးခွဲဥက္ကဋ္ဌ ဦးခင်ဇော်(ချိုဇော်-မြင်ကြီး)က ဦးတင်ရှိန် ပန်းတောင်းမြို့နယ်မဂ္ဂဇင်းမှာ ရေးသားဖော်ပြခဲ့တဲ့ **မြို့နယ်ဂုဏ်ဆောင် အကောက်တောင်**ဆောင်းပါး တစ်နည်း အကောက်တောင်သမိုင်းကို လက်ထဲထည့်ပေးခဲ့တယ်ကွ။

ငါလဲ တော်တော်ဝမ်းသာသွားတယ်ကွ။ အဲဒီဆောင်းပါးဟာ တော်တော်စိတ်ဝင်စားစရာကောင်းတယ်ကွ။ မြစ်ဝကျွန်းပေါ်ဒေသရောက်ခါနီးမှာ ဟင်္သာတခရိုင် ကြံခင်းမြို့နယ်ရဲ့ မြောက်ဘက်အစွန်ဆုံး၊ ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရဲ့ တောင်ဘက်အစွန်ဆုံး၊ ပဲခူးတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးရဲ့ နယ်နိမိတ်သတ်မှတ်ထားတဲ့တောင်၊ အနောက်ရိုးမတောင်တန်းကြီးက ဖြာထွက်လာပြီး အရှေ့ဘက်ကို ဆန့်ဆင်းလာရင်းက မြစ်ကြီးဧရာဝတီကို ဦးတိုက်ပြီး ရေသောက်ဆင်းလာတဲ့တောင်ဖြစ်တဲ့အတွက် **ရောမြစ်တွင်း၊ ရေသောက်ဆင်းလို့၊ ရှုစင်းဖုံဖွာ၊ တင့်မောသာစွာ၊ သေလာညီမှောင်၊ အကောက်တောင်တည်**လို့ စပ်ဆိုထားတယ်ကွ။

ပြည်မြို့က ဧရာဝတီမြစ်ရိုးအတိုင်း၊ လှေ၊ သမ္ဗန်၊ သင်္ဘောတွေနဲ့ စုန်ဆင်းလာရင် သူရဲတန်းမြို့ဆိပ်ကမ်းရောက်တယ်။ အဲဒီက လွန်လာရင် ရေသောက်ဆင်းလာတဲ့တောင်တန်းကြီးကို တွေ့မြင်ကြရတယ်ကွ။ အဲဒီတောင်ဟာ အကောက်တောင်ပဲတဲ့။ တစ်ချိန်က ပြည်မြို့ကကျောင်းသားတွေဟာ ကျောင်းလစ်ပြီး အပျော်ခရီးထွက်ခဲ့ကြတဲ့တောင်တဲ့။ အကောက်တောင်ခြေရင်းမှာက ထုံးဘိုမြို့ကလေးရှိနေတာတဲ့။ အခုတော့ ထုံးဘိုနဲ့ အကောက်တောင်၊ အကောက်တောင်နဲ့ ထုံးဘိုဟာ ပြည်ခရိုင်အတွင်းမှာ ထင်ပေါ်ကျော်ကြားလူသိများလာပြီပေါ့ကွာ။

ဒီနေရာမှာ **ထုံးဘို**တွေကလဲ ကြားဖူးနားဝရှိနေကြလေတော့ ဆရာဦးတင်ရှိန်က ခွဲခြားသုတေသနပြုထားသေးတယ်ကွ။ အခုပန်းတောင်းမြို့နယ်ထဲက ထုံးဘိုအပါအဝင် ပုသိမ်မြို့က ထုံးဘို၊ မန္တလေးမြို့က ထုံးဘို၊ မြင်ဦးလွင်မြို့က ထုံးဘို၊ တောင်ကြီးမြို့နားက ထုံးဘို၊ ထုံးဘို ငါးနေရာရှိတဲ့အနက် ဧရာဝတီထုံးဘိုကတော့ အခုလောလောဆယ်မှာ လူသိများရေပန်းစားလာပြီတဲ့။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ ကျော်က ထုံးဘိုဟာ ရွာကြီးတစ်ရွာအဆင့်ပဲရှိခဲ့တာတဲ့။ ရှေးအခါက **ရတနာပုဥ္စတောင်တော်မြတ်**လို့ မှတ်သားခဲ့တာတဲ့။ **သီရိဘဂ်လွန်**အမည်ရှိ မြို့ကြီးတစ်မြို့တည်ရှိခဲ့လို့ **သီရိဘဂ်လွန်မင်းကြီး**ထီးနန်းစိုးစံပြီး မင်းကျင့်တရား(၁၀)ပါး၊ ဗြဟ္မစိုရ်တရား(၄)ပါးနဲ့အညီမင်းပြုခဲ့လို့ သိကြားမင်းက တိမ်ညွန့်စား သိဒ္ဓဝနတ်မြင်းနဲ့ မနောမယပတ္တမြား မင်းမြောက်တန်ဆာငါးပါးကို ဆက်သခဲ့တယ်တဲ့။

သီရိဘဂ်လွန်မင်းကြီးမှာ သားတော်ကြီး မဟာပုဥ္ဇ၊ သားတော်လတ်စူဠပုဥ္ဇ၊ သားတော်ငယ် သံပုဥ္ဇဆိုတဲ့ သားသုံးယောက်ရှိခဲ့တယ်။ မင်းကြီးက သားတော်ကြီးကို သိဒ္ဓဝနတ်မြင်းပေးသနားခဲ့တယ်။ မြတ်စွာဘုရားရဲ့ သရီရဓာတ်တော်သုံးဆူကို မင်းကြီးက ရတော်မူတဲ့အခါမှာ သားတော်သုံးပါးကို တစ်ဆူစီပေးအပ်ပြီး စေတီတစ်ဆူစီတည်ကြစေလို့ အမိန့်ပေးခဲ့တယ်။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့ရဲ့အကူအညီနဲ့ စေတီသုံးဆူတည်ခဲ့ကြတယ်။ သားတော်ကြီးက တောင်စွန်းပေါ်မှာစေတီတည်တော့ ရွှေငွေကျောက်သံပတ္တမြားတွေကို သိဒ္ဓဝနတ်မြင်းပေါ်တင်ဆောင်ပြီး ဌာပနာခဲ့တယ်။ ရတနာပုဥ္စစေတီတော်လို့ ဘွဲ့တော်ချီခဲ့ပေမဲ့ ရတနာပစ္စည်းတွေကို သိဒ္ဓဝနတ်မြင်းနဲ့ တင်ဆောင်ဌာပနာပြုခဲ့လို့ **ရွှေမြင်းတင်စေတီ**ကာလရွှေ့လျောလာလို့ **ရွှေမြင်တင်ဘုရား**လို့ အခုတိုင်တည်ရှိနေဆဲပဲတဲ့။ အကောက်တောင်ထိပ်မှာ မူလစေတီရွှေမြင်တင်ဘုရားဟာ သမိုင်းဝင်ဘုရားအဖြစ် အထင်အရှားရှိနေဆဲပဲတဲ့။ ညီတော်နှစ်ပါးတည်ထားခဲ့တဲ့ စေတီနှစ်ဆူကတော့ မသူတော်သိုက်သမားတွေက သိုက်တူးခဲ့ကြလို့ ပြိုကျပျက်စီးသွားခဲ့တယ်တဲ့။ အခုမှ အစားပြန်လည်တည်ထားခဲ့တာတဲ့။

ကုန်းဘောင်ခေတ်နှောင်းပိုင်း ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်မှာ မြို့ဝန်ဦးကောက်ရကို ရတနာပုဥ္စတောင်ခြေမှာ အခြေပြုပြီး ရေလမ်းခရီး၊ အစုန်အဆန်၊ လှေ၊ သမ္ဗန်၊ သင်္ဘောတွေကို အခွန်ကောက်ခံစေခဲ့တယ်။ မြို့ဝန်ဦးကောက်ရဟာ တောင်စွန်းအခြေမှာ အကောက်ရုံးဆောက်လုပ်ပြီး ရေယာဉ်တွေကို အခွန်ကောက်ခံခဲ့တာကို အကြောင်းပြုပြီး **ရတနာပုဥ္စတောင်ကို အကောက်တောင်**ရယ်လို့ ခေါ်တွင်လာခဲ့ကြတယ်တဲ့။ တချို့ကလဲ အဲဒီတောတောင်ရေမြေသဘာဝဟာ မြေဆီမြေနှစ်မြေသြဇာကောင်းလွန်းလို့ သီးနှံတွေဖြစ်ထွန်း၊ အရသာရှိလွန်းလို့ လူ၊ တိရစ္ဆာန်အားလုံးဟာ နှစ်သက်စုံမက်တဲ့နေရာဖြစ်ခဲ့တယ်။ **ဘုရားလောင်း ကျေးမင်းဘဝကလဲ စားသောက်ဖွယ်ရာသီးနှံတွေကို လာရောက်ကောက်ယူရာ အရပ်ဖြစ်လို့ အကောက်တောင်**လို့ခေါ်တွင်လာခဲ့တာတဲ့။

အခု ငါကြားသိသမျှဟာ သမိုင်းအထောက်အထား၊ အကိုးအကားကိုတော့ မပြနိုင်ဘူး။ ပါးစပ်ရာဇဝင်အရပဲ သိခဲ့ရတာ။ ဒါပေမဲ့ ပါးစပ်ရာဇဝင်ကလဲ သဘာဝယုတ္တိရှိနေတယ်ကွ။ သက်ကြီးစကား သက်ငယ်ကြားလက်ဆင့်ကမ်းသိခဲ့ကြရတာက တောင်နံရံမှာ ရုပ်ပွားတော်မျိုးစုံ ထွင်းထုပူဇော်ခဲ့ကြပုံပဲကွ။ မန္တလေးနေပြည်တော်က အကောက်ခွန်ဝန်ထမ်းတွေ အလှည့်ကျ လာရောက်တာဝန်ထမ်းဆောင်ကြရင်း ပန်းပုပညာတတ်ကျွမ်းသူတွေက ဗုဒ္ဓရုပ်ပွားတော်ပုံသဏ္ဌာန်မျိုးစုံထွင်းထုပူဇော်ခဲ့ကြတာတဲ့။ တချို့ကလဲ အကောက်တောင်စွန်းမှာနားခိုခဲ့ကြတဲ့ လှေသူကြီး၊ လှေထိုးသားတွေက တောင်နံရံမှာ ဗုဒ္ဓရုပ်ပွားတော်တွေ ထွင်းထုပူဇော်ခဲ့ကြတာတဲ့။

ဘယ်လိုပဲ ယူဆယူဆ၊ အကောက်တောင်နံရံတွေပေါ်မှာ ထွင်းထုထားတဲ့ ဗုဒ္ဓရုပ်ပွားတော်မျိုးစုံဟာ ပျက်စီးချို့ယွင်းနေကြပေမဲ့ ရှေးဟောင်းယဉ်ကျေးမှုလက်ရာတွေအဖြစ် တန်ဖိုးမဖြတ်နိုင်ဘူးကွ။ ဧရာဝတီမြစ်အတွင်းကနေ သမ္ဗန်တွေနဲ့ဖူးမြော်နေကြရတာကိုပဲ ကြည်ညိုမဆုံးရှိနေကြတာကွ။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအဖြစ်သတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်သင့်တယ်ကွ။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေနဲ့ ထိန်းသိမ်းစောင့်ရှောက်နေသင့်သလို သက်ကြီးစကား သက်ငယ်ကြား ပါးစပ်ရာဇဝင်တွေကို ပီပြင်ပေါ်လွင်အောင် ဆက်လက်သုတေသနပြုသင့်တယ်ကွ ဗုဒ္ဓစာပေကျမ်းဂန်တွေမှာ သီရိဘဂ်လွန်မြို့ကြီးနဲ့ သီရိဘဂ်လွန်မင်းကြီးရှိခဲ့သလား။ ရတနာပုဥ္စတောင်တော်ရှိခဲ့သလား။ သမိုင်းစာပေမှာ ကုန်းဘောင်ခေတ်က မင်းတုန်းမင်းကြီးဟာ အိန္ဒိယမှာရှိတဲ့ဗုဒ္ဓဂယာမှာတောင် သာသနာပြုခဲ့သေးတာ။ သူ အကောက်ကောက်ခဲ့တဲ့ အဲဒီတောင်ပေါ်မှာ ဗုဒ္ဓရုပ်ပွားတော်မျိုးစုံရှိနေတာကို မသိဘူးလား။ သီရိဘဂ်လွန်မင်းကြီး အိုမင်းမစွမ်းရှိလာတဲ့အခါ အကောက်တောင်ပေါ်ရှိ ဇော်ဂျီ၊ ဝိဇ္ဇာမိုရ်တွေနဲ့တိုင်ပင်ပြီး သိကြားမင်းဆက်သခဲ့တဲ့ မနောမယပတ္တမြားနဲ့မင်းမြောက်တန်ဆာငါးပါးကို တောင်တော်ရဲ့အနောက်ဘက် ကိုက် ၃၀၀ အကွာမှာရှိတဲ့ ကျောက်ဖျာကြီးအောက်မှာထားခဲ့ပြီး ဘုန်းကံရှိသူများသာ သုံးနိုင်ပါစေလို့အဓိဋ္ဌာန်ပြုခဲ့တယ်တဲ့။ မင်းတုန်းမင်းကြီးကြားသိတော်မူတော့ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက်ရဲ့ မူလဒါယကာ မင်းကြီးဦးပွားကို အကောက်တောင်သွားစေပြီး တူးဖော်ဆက်သဖို့ တာဝန်ပေးခဲ့တယ်။ ဦးပွားဟာ တပည့်တွေနဲ့အတူ သွားရောက်ပြီး သုံးနှစ်ကြာရှာဖွေခဲ့ပေမဲ့ မရခဲ့ဘူး။ အခုတော့ ဦးပွားတူးဖော်ခဲ့တဲ့တွင်းကြီးဟာ ရေတွေဝင်နေပြီး ဦးပွားသိုက်လို့ အမည်တွင်နေတယ်တဲ့။ အဲဒီအကြောင်း ကုန်းဘောင်သမိုင်းမှာမရှိဘူးလား။ ကျွမ်းကျင်သူတွေ၊ တာဝန်ရှိသူတွေ ဆက်လက်သုတေသနပြုသင့်တယ်ကွ။ အခုလောလောဆယ် အထောက်အထားအနည်းငယ်ကို ဗဟုသုတအဖြစ် ရေးသားတင်ပြခဲ့တဲ့ ဆရာကြီးဦးတင်ရှိန်ကိုပဲ အထူးကျေးဇူးတင်နေကြရမှာပဲကွ"

"သမိုင်းသုတေသီတွေ ရှာဖွေနိုင်ရင်တော့ သိပ်ကောင်းတာပေါ့ကွာ။ ဂမ္ဘီရလုပ်ကြံစာရေးဆရာတချို့အတွက်ကတော့ ရေးစရာစာပေကုန်ကြမ်းရသွားကြမှာတော့ သေချာတယ်ကွ။ ငါတောင် ဇာတ်လမ်းဆင်ပြီးရေးလို့ရတယ်"

"ထားပါကွာ၊ ဂမ္ဘီရစာရေးဆရာဆိုတာကလဲ သူ့အတတ်ပညာနဲ့သူ တန်ဖိုးရှိတာပဲကွ။ သူတို့ကို မထိပါးပါနဲ့ကွ။ မင်းက ပါးစပ်နဲ့ရေးနေလို့ လွယ်နေတာ။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလုပ်ချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါအပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့ အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့ အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ဘိုကလေးမြို့နယ်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ထိ ဈေးရရှိနေ

**ဘိုကလေး စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ထိ ဈေးရရှိနေကြောင်း ဘိုကလေးမြို့နယ် ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် ဇူလိုင်လနှင့် ဩဂုတ်လက ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ သာ ဈေးရရှိခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ယနေ့ထိ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ထိ ဈေးရရှိလာကြောင်း၊ အဆိုပါငါးရှဉ့်များ ဈေးကောင်းရရှိလာခြင်းသည် ပြည်တွင်းမှငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့လာရခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“ဒီလ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ ဈေးသိသိသာသာကိုကောင်းလာတာ။ အရင်က ရပ်ထားခဲ့တဲ့ ပြည်ပကို ငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာတာနဲ့ပြည်ပက ငါးရှဉ့်ကို ဈေးကောင်းပေးဝယ်လာတာကြောင့် ငါးရှဉ့်ဈေးကောင်းလာတာပါ။ အခုပေါက်နေတဲ့ ငါးရှဉ့်ဈေးက ငါးရှဉ့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေအတွက် အခွင့်အရေးတစ်ရပ်ဖြစ်စေတယ်။ အခုဒေသက ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုလို ငါးရှဉ့်ဈေးကောင်းရလာတော့ ကာလရှည်အခက်အခဲရှိနေတဲ့ ငါးရှဉ့်လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်”ဟု ဘိုကလေးမြို့နယ် ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်အေးက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် မွေးမြူရေးငါးရှဉ့်နှင့် ဒေသခံများက ချောင်းများ၊ အိုင်များ၊ မြောင်းများ၊ လယ်ကွင်းများ စသည်နေရာများတွင် သဘာဝအတိုင်း မြုံးများဖြင့် ထောင်ဖမ်းသည့်ငါးရှဉ့်များထွက်ရှိနေကြောင်း၊ အဆိုပါ ဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# စိတ်ထားအလှ မြတ်ဘဝ

- သန့်ရှင်းကာ ကောင်းနိမိတ်နဲ့
မြင့်မြတ်စိတ် နှောင်တွယ်၊
အသိပေါ် သတိအုပ်လို့
ရုပ်လုံးဖော်ကွယ်၊
တိုတောင်းတဲ့ ဘဝဝယ်
မှုန်းခြယ်ပါ ကိုယ့်တန်ဖိုး၊
စိတ်ဆိုတာ ပဓာနကျတဲ့
အဓိက စံမျိုး။

- ကိုယ့်စိတ်ကို ဖွံ့ဖြိုးဖို့
ဆတိုးလို့ စွမ်းဆောင်၊
ရည်သွေးမိ “သမာဓိ”နဲ့
“သီလ”ရှိအောင်၊
ကိုယ်တိုင်ပဲ ကိုယ်ထူထောင်
လင်းရောင်ခြည် ထုံမွမ်းဆင့်၊
ပညာဉာဏ် ကြီးမားဖို့
စိတ်အားကိုမြှင့်။

- ဆိုးမှုနယ် မလိုက်သင့်
မြင့်ခြင်းသို့ ဦးတည်၊
စိတ်ခိုင်းရာ ကောင်းဂုဏ်တွေ့မှ
မွေ့ပျော်နိုင်မည်၊
ရရှိထား ခန္ဓာသည်
အပျက်ဆီ လှမ်းတက်၊
နိုပ်ကွပ်ပါကွဲ့
စိတ်ညွှတ်ရာ လွဲချော်အရေးကိုဖြင့်
အရိပ်မွတ်သာ တွဲခေါ် ပေးနိုင်ဖို့
(အားလုံး. . .)
တွေးဉာဏ်ထက်ထက်။ ။

**ချမ်းမေ့(ဇလွန်မြေ)**

➤ စာမျက်နှာ ၄ မှအဆက်

လက်နဲ့ရေးကြည့်ပါလား။ ခက်ခဲတယ်ကွ။ စာရေးနည်းအတတ်ပညာရှိမှ စာရေးလို့ရတာကွ”

“ဟင်း ငါမပြောလိုက်ချင်ဘူး။ မင်းက စာရေးဆရာအချင်းချင်းဘက်က နာနေသေးတယ်။ ငါက အကြံအဖန်လုပ်စားနေတဲ့ စာရေးဆရာအမည်ခံနေကြသူတွေကို ပြောတာကွ၊ ထားပါတော့ကွာ”

“ထုံးဘိုမြို့ကနေ အကောက်တောင်ဘုရားတွေကိုဖူးမြော်ဖို့ ပို့ဆောင်ပေးနေတဲ့ ကားလိုင်းရဲ့ **စံပြအတုယူစရာညီညွတ်မှု**လို့ မင်းပြောခဲ့တာနဲ့ပတ်သက်လို့ ဘယ်လိုစံပြအတုယူစရာညီညွတ်မှုလဲဆိုတာ ရှင်းပြစမ်းပါအုံးကွာ”

“ထုံးဘိုမြို့ကို ဘုရားဖူးတွေ အဖွဲ့လိုက်ပဲလာလာ၊ တစ်ဦးချင်းပဲလာလာ၊ ကိုယ်ပိုင်ကားနဲ့ပဲလာလာ တောင်နံရံကပ်ဗုဒ္ဓရုပ်ပွားတော်တွေကို ဧရာဝတီမြစ်ထဲကပဲ ဖူးမြော်ကြရတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့က တရားဝင်စီစဉ်ထားတဲ့ သမ္ဗန်ရှစ်စီးက အလှည့်ကျလိုက်ပို့ကြရတယ်။ ရေလမ်းခရီးကို **ဧရာနဒီယာဉ်လိုင်း**လို့အမည်ပေးထားပြီး တောင်တက်လမ်းကားလမ်းခရီးကို **ရွှေမြင်တင်အကောက်တောင်ယာဉ်လိုင်း**လို့ အမည်ပေးထားတယ်ကွ။

ကားလိုင်းပဲဖြစ်ဖြစ်၊ သမ္ဗန်လိုင်းပဲဖြစ်ဖြစ် ခရီးသည်ရှိရင် ငြင်းပယ်ခွင့်မရှိဘဲ အလှည့်ကျထွက်ပေးကြရတယ်။ ကားလမ်းက တောင်တက်ခရီးနှစ်မိုင်ကျော်ရှိတယ်။ ညနေဂိတ်ပိတ်ချိန်မှာ တစ်နေ့လုံးယာဉ်တွေဆွဲရသမျှ ဝင်ငွေတွေကို အုပ်ချုပ်မှုစရိတ်နုတ်ပြီး ညီတူမျှတခွဲဝေယူကြရတယ်။ တကယ်ချစ်စရာကောင်းတဲ့ သမဝါယမစနစ်စစ်စစ်ပဲကွ။ အဲဒါကြောင့် **စံပြအတုယူစရာညီညွတ်မှု**လို့ ငါပြောတာကွ။ တောင်တက်ခရီးက ယာဉ်မောင်းကျွမ်းကျင်မှုရတာ။ မကျွမ်းကျင်ရင်အန္တရာယ်ရှိတယ်။ လမ်းက ကျဉ်းတယ်။

တစ်ချိန်က ကားနဲ့တက်မှ သမိုင်းဝင် **ရွှေမြင်တင်ဘုရား**နဲ့ တောင်ပေါ်က ဘုရားစုံကို ဖူးမြော်ခွင့်ရတာကွ။ ဒါ့ပြင် သီလ၊ သမာဓိစွမ်းအားအပြည့်နဲ့ သတ္တဝါတွေကို မေတ္တာထား၊ သက်သတ်လွတ်ထမင်းဟင်းကျွေးမွေး လှူဒါန်းနေတဲ့ **နာမည်ကြီးဆရာတော် ဦးပညာဒီပ**ကိုလဲ ဖူးမြော်ခွင့်ရခဲ့တာကွ။ ဧရာဝတီမြစ်ထဲကနေ သမ္ဗန်နဲ့ လှည့်လည်ဖူးမြော်ကြရင်တော့ ရှေးဟောင်းယဉ်ကျေးမှု နံရံကပ်ဗုဒ္ဓရုပ်ပွားတော်တွေကိုပဲ ဖူးမြော်နိုင်ကြတယ်။ ရွှေမြင်တင်ဘုရားကိုဖူးမြော်ချင်ရင်တော့ မတ်စောက်လှတဲ့တောင်ပေါ်ကို တက်ရောက်နိုင်မှ ဖူးမြော်ခွင့်ရနိုင်တယ်။ ကားနဲ့တက်သူတွေက တောင်ပေါ်ကအဆင်း ချောင်းလေးအေးကဆင်း၊ သမ္ဗန်နဲ့ တောင်နံရံကပ်ဗုဒ္ဓရုပ်ပွားတော်တွေကို သက်သောင့်သက်သာဖူးမြော်ခွင့်ရတယ်ကွ။

လွန်ခဲ့တဲ့လေးငါးနှစ်က ထုံးဘိုမှာအိမ်ထောင်စုပေါင်း ၁၈၀၀ လောက်ရှိခဲ့တယ်။ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ဆေးပေးခန်း၊ စာတိုက်၊ ရဲစခန်း၊ အရန်မီးသတ်တပ်ဖွဲ့ နှစ်ဖွဲ့၊ မိဘမဲ့ကလေးတွေနေကြတဲ့ ဓမ္မစကူးကျောင်းတစ်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၂၄ ကျောင်း၊ စည်ပင်သာယာဈေး၊ လျှပ်စစ်မီးရ၊ အဘက်ဘက်က ပြည့်စုံနေပြီကွ။ အာဇာနည်ခေါင်းဆောင်ကြီးသခင်မြရဲ့ဇာတိ။ အခုဆို နိုင်ငံခြားသားခရီးသွားဧည့်သည်တွေကလဲ တဖွဲဖွဲရောက်လာကြပြီ။ ရေခံမြေခံကောင်းတဲ့ဒေသမို့ အဘက်ဘက်က ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်ပေးသင့်ပါတယ်ကွာ”

“သိပ်မှန်တာပေါ့ကွာ”

# မောက်မယ်မြို့နယ် မိုက်ကန်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းပြီးစီးမှု စစ်ဆေး

**မောက်မယ် စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုက်ကန်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်၊ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့်ဝန်ထမ်းများက Lyun Kham ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ မိုက်ကန်းကျေးရွာ၌ အရှည်တစ်မိုင် ခြောက်ဖာလုံ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ရေတားတမံနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မောက်မယ်မြို့နယ် မိုက်ကန်းကျေးရွာ၌ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၀၀၅ သန်းဖြင့် Lyun Kham ကုမ္ပဏီက ယခုနှစ် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေ ဖူလုံစွာအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# နိုင်ငံတကာ သတင်းများ

## ဆီးရီးယားသမ္မတ ဘာရှားအာဆတ် တရုတ်နိုင်ငံသို့ရောက်ရှိ



**ပေကျင်း စက်တင်ဘာ ၂၁**

ဆီးရီးယားသမ္မတ ဘာရှားအာဆတ်သည် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ရေးအတွက် ယနေ့တွင် တရုတ်နိုင်ငံ ဟန်ကျိုးမြို့သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

ဆီးရီးယားသမ္မတ အာဆတ်သည် ဟန်ကျိုးမြို့၌ စက်တင်ဘာ ၂၃ရက်တွင်စတင်ကျင်းပမည့် အာရှအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အခြားနိုင်ငံ့ခေါင်းဆောင်များသည်လည်း အာရှအားကစားပွဲတော် ဖွင့်ပွဲ တက်ရောက်ရေးအတွက် ဟန်ကျိုးမြို့သို့စက်တင်ဘာ ၂၂ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဆီးရီးယားသမ္မတ အာဆတ်၏ အဆိုပါတရုတ်ခရီးစဉ်သည် ၁၂နှစ်ကြာ ဆီးရီးယားပြည်တွင်းစစ်စတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးတရုတ်ခရီးစဉ်ဖြစ်သည်။

တရုတ်နိုင်ငံသည် ဆီးရီးယားပြည်တွင်းစစ်ကာလအတွင်း သမ္မတအာဆတ်ဦးဆောင်သည့် အစိုးရအား အဓိကထောက်ခံအားပေးခဲ့သောနိုင်ငံတစ်နိုင်ငံဖြစ်သည်။

အမေရိကန်ဒေါ်လာ ဘီလီယံအများအပြား သုံးစွဲရဖွယ်ရှိသည့် ဆီးရီးယားပြည်တွင်းစစ် အလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း တရုတ်နိုင်ငံအနေဖြင့် အဓိကအခန်းကဏ္ဍတွင် ပါဝင်လာနိုင်ကြောင်း သိရသည်။

**Ref : China Daily**
**Trs : KKO**

## ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရွေးကောက်ပွဲကျင်းပမည်ဟု ပါကစ္စတန်ကြေညာ

**အစ္စလာမ်မာဘတ် စက်တင်ဘာ ၂၁**

၂၀၂၄ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် အမျိုးသားရွေးကောက်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် ကြေညာခဲ့သည်။

ပါကစ္စတန်နိုင်ငံသည်လွှတ်တော်ကို ဖျက်သိမ်းပြီးနောက် ယခုနှစ် နိုဝင်ဘာလအတွင်း အမျိုးသားရွေးကောက်ပွဲများ ကျင်းပပေးရမည်ဖြစ်သည်။

သို့သော် လူဦးရေစာရင်းသစ်အရ မဲဆန္ဒနယ်များ ပြန်ခွဲရမည်ဖြစ်ရာ အမျိုးသားရွေးကောက်ပွဲကို ယခုနှစ်နိုဝင်ဘာလအစား ၂၀၂၄ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပြန်လည်ခွဲခြား သတ်မှတ်ထားသည့် မဲဆန္ဒနယ်မြေသစ်များ အပြီးသတ်စာရင်းကို ယခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ပေးမည်ဟု ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်က စီစဉ်ထားသည်။

ပါကစ္စတန်နိုင်ငံ၏ အမျိုးသားလွှတ်တော်ငါးနှစ်သက်တမ်းမှာ ယခုနှစ် ဩဂုတ်လတွင် ကုန်ဆုံးခဲ့သည်။

သို့ဖြစ်ရာ အမျိုးသားလွှတ်တော်ကို ဖျက်သိမ်းပြီးနောက် ပါကစ္စတန်နိုင်ငံကို အိမ်စောင့်အစိုးရအဖွဲ့က ယာယီဦးဆောင်နေပြီး ရွေးကောက်ပွဲအား ကြီးကြပ်ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : The Strait Times**
**Trs : KKO**

## ဘရာဇီးနိုင်ငံထုတ် အမ်ဘရေးရာ စီ-၃၉၀ လေယာဉ်များကို ဩစတြီးယားစစ်ဘက် ဝယ်ယူရန်စီစဉ်

**ဗီယင်နာ စက်တင်ဘာ ၂၁**

ဩစတြီးယားနိုင်ငံသည် ၎င်း၏ စစ်ဘက် သယ်ယူပို့ဆောင်ရေး လေယာဉ်များကို အမ်ဘရေးရာ စီ-၃၉၀ အမျိုးအစားလေယာဉ်များဖြင့် အစားထိုးရန် စီစဉ်ထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြီးယားနိုင်ငံသည် ဘရာဇီးနိုင်ငံအခြေစိုက် အမ်ဘရေးရာ လေယာဉ်ကုမ္ပဏီမှတစ်ဆင့် အမ်ဘရေးရာစီ-၃၉၀လေယာဉ်လေးစင်းကို တစ်စင်းလျှင် ယူရိုသန်း ၁၃၀မှ ၁၅၀ ကြားဈေးဖြင့် ဝယ်ယူရန် စီစဉ်ထားကြောင်း ဩစတြီးယား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ကလော်ဒီယာတန်နာက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။



အဆိုပါလေယာဉ်များကို လက်ရှိအသုံးပြုနေသည့် လော့ခ်ဟီမာတင်ကုမ္ပဏီထုတ် ဟာကျူလီ စီ-၁၃၀ အမျိုးအစား လေယာဉ်များ နေရာတွင် အစားထိုးအသုံးပြုမည်ဖြစ်သည်။

အမ်ဘရေးရာစီ-၃၉၀ လေယာဉ်များ ဝယ်ယူရေးအတွက် ဩစတြီးယားအစိုးရနှင့် အမ်ဘရေးရာကုမ္ပဏီတို့ကြား ဆွေးနွေးမှုများ အပြီးသတ်ပြုလုပ်ထားပြီးဖြစ်သည်။

အမ်ဘရေးရာကုမ္ပဏီ၏ စီ-၃၉၀ သယ်ယူပို့ဆောင်ရေး လေယာဉ်များကို ဘရာဇီးလေတပ်၊ ပေါ်တူဂီလေတပ်နှင့် ဟန်ဂေရီလေတပ်တို့ကလည်း မှာယူထားသည်။ ထို့ပြင် တောင်ကိုရီးယား၊ အိန္ဒိယနှင့် ဆွီဒင်နိုင်ငံတို့ကလည်း အမ်ဘရေးရာ စီ-၃၉၀ လေယာဉ်များကို ဝယ်ယူရန် စဉ်းစားနေကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**

## အစ္စရေးစစ်သင်တန်းကျောင်း နယ်မြေတစ်ခု၌ တင့်ကားတစ်စီး အခိုးခံရ

**တဲလ်အဗစ် စက်တင်ဘာ ၂၁**

အစ္စရေးစစ်ဘက်က စစ်သင်တန်းကျောင်းနယ်မြေတစ်ခု၌ လေ့ကျင့်ရေးအတွက် အသုံးပြုနေသော တင့်ကားတစ်စီး စက်တင်ဘာ ၂၀ ရက်တွင် အခိုးခံခဲ့ရကြောင်း သိရသည်။

အဆိုပါ ခိုးယူခံခဲ့ရသည့်တင့်ကားမှာ အလေးချိန် ၆၅ တန်ထိရှိသော မာကာဗာ-၂ အမျိုးအစားတင့်ကားဖြစ်သည်။

အဆိုပါတင့်ကားသည် အစ္စရေးနိုင်ငံမြောက်ပိုင်း ဟိုင်ဖာမြို့အနီးရှိ စစ်သင်တန်းကျောင်းတစ်ခုမှ ခိုးယူခံခဲ့ရခြင်းဖြစ်ပြီး နောက်ပိုင်းတွင် သံတိုသံစပုံတစ်ခုအကြား၌ ပြန်လည်တွေ့ရှိခဲ့ကြောင်း ဟိုင်ဖာမြို့ ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

စစ်ရေးတာဝန်များမှ အနားပေးထားသည့် အဆိုပါတင့်ကားသည် အခိုးခံရချိန်တွင် လက်နက်တပ်ဆင်ထားခြင်း မရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် အစ္စရေးတာဝန်ရှိသူများသည် လေးလံလှသည့် မာကာဗာ-၂ တင့်ကားအား မည်သို့ခိုးယူခဲ့ကြသည်ကို စုံစမ်းစစ်ဆေးနေပြီး ဖြစ်စဉ်နှင့်ပတ်သက်နေဖွယ်ရှိသူနှစ်ဦးကို ဖမ်းဆီးထားသည်။

အဆိုပါတင့်ကားကို စစ်သင်တန်းကျောင်းနယ်မြေအနီးရှိ သံတိုသံစပုံအတွင်း ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : AP**
**Trs : KKO**



## ဂါဇာကမ်းမြောင်မှ အလုပ်သမားများဝင်ရောက်မှုကိုတားဆီးရန် နယ်စပ်ဝင်ပေါက်များကို အစ္စရေးနိုင်ငံ ပိတ်ဆို့

**တဲလ်အဗစ် စက်တင်ဘာ ၂၁**

အစ္စရေးနှင့် အနောက်ဘက်ကမ်းဒေသတို့ရှိ အလုပ်ခွင်များသို့ ဂါဇာကမ်းမြောင်မှ အလုပ်သမားများ ဝင်ရောက်မှုကိုတားဆီးရန် အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်နှင့် အစ္စရေးနိုင်ငံတို့ကြား နယ်စပ်ဝင်ပေါက်များကို စက်တင်ဘာ ၂၀ ရက်တွင် စတင်ပိတ်ဆို့ထားကြောင်း သိရသည်။

ဂါဇာနယ်စပ်တစ်လျှောက်အစ္စရေးဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားနေချိန်တွင် ဂါဇာကမ်းမြောင်မှ အလုပ်သမားများ အစ္စရေးနှင့် အနောက်ဘက်ကမ်းသို့ လာရောက်မှုကို အစ္စရေးနိုင်ငံက ပိတ်ပင်ထားခြင်းဖြစ်သည်။

အစ္စရေး အာဏာပိုင်များသည် ဂါဇာကမ်းမြောင်မှ အလုပ်သမားဦးရေ ၁၈၀၀၀ခန့်ကို အစ္စရေးနှင့် အနောက်ဘက်ကမ်းတို့၌လာရောက် အလုပ်လုပ်ခွင့်ပေးထားသည်။

အဆိုပါအလုပ်သမားများသည် ဂါဇာကမ်းမြောင်၏ စီးပွားရေးအတွက် တစ်ရက်လျှင် အမေရိကန်ဒေါ်လာ နှစ်သန်းထိ ဖြည့်ဆည်းပေးနေသူများဖြစ်ကြသည်။

သို့သော် ဂါဇာဒေသကိုထိန်းချုပ်ထားသည့် ဟားမစ်အုပ်စုဦးဆောင်သော အစ္စရေးဆန့်ကျင်ရေး ဆန္ဒပြပွဲများကြောင့် အစ္စရေးဂါဇာနယ်စပ်တစ်လျှောက် အခြေအနေများတင်းမာလျက်ရှိသည်။

နေ့စဉ်ရက်ဆက် ဖြစ်ပွားနေသော နယ်စပ်ဆန္ဒပြပွဲများအတွင်း ပါလက်စတိုင်း ဆန္ဒပြသမားများက အစ္စရေးတပ်ဖွဲ့ဝင်များကို လက်လုပ်ဗုံးများ၊ ကျောက်ခဲများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြရာ အစ္စရေးတပ်ဖွဲ့ဝင်များကလည်း ရော်ဘာကျည်များ၊ ကျည်စစ်များဖြင့် တုံ့ပြန်ခဲ့ကြောင်း သိရသည်။

**Ref : CNA**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ၂၅ နှစ်ခန့်မျှ ခြေရာခံစောင့်ကြည့်ထားသည့် ဘန်နူးဂြိုဟ်သိမ်က အနာဂတ်ကာလ၌ ကမ္ဘာဂြိုဟ်ကို ဝင်တိုက်နိုင်ခြေရှိ



**ဝါရှင်တန် ဇက်တင်ဘာ ၂၁**

၂၅ နှစ်ခန့်မျှ ခြေရာခံစောင့်ကြည့်ထားသည့် ဘန်နူးဂြိုဟ်သိမ်သည် အနာဂတ်ကာလ၌ ကမ္ဘာဂြိုဟ်ကို ဝင်တိုက်နိုင်ခြေရှိကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

ဘန်နူးဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်၏ နေပတ်လမ်းအတွင်း တိုးဝင်လာပြီးနောက် ၂၁၈၂ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘာမြေကို ဝင်တိုက်နိုင်ခြေရှိသည်ဟု နာဆာ သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

ဘန်နူးဂြိုဟ်သိမ်သည် ကမ္ဘာမြေကို ခြောက်နှစ်လျှင် တစ်ကြိမ်ကျ အနီးကပ်ဖြတ်သန်းလေ့ရှိပြီး ၁၉၉၉ ခုနှစ်၊ ၂၀၀၅ ခုနှစ်၊ ၂၀၁၁ ခုနှစ်တို့တွင် ကမ္ဘာမြေကို အနီးဆုံးမှတ်မှ တစ်ဆင့် ဖြတ်သန်းခဲ့ဖူးကြောင်း သိရသည်။

နာဆာ သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ၎င်းဂြိုဟ်သိမ်သည် ၂၁၈၂ ခုနှစ်တွင် ကမ္ဘာမြေကို ဝင်တိုက်ရန် အပုံ ၂၇၀၀ ပုံ တစ်ပုံထိ ဖြစ်နိုင်ခြေရှိကြောင်း သိရသည်။

နာဆာ၏ အောစီးရစ်ရက်စ် အာကာသယာဉ်သည် ၂၀၂၀ ပြည့်နှစ်တွင် ၎င်းဂြိုဟ်သိမ်မျက်နှာပြင်ပေါ်ရှိ ကျောက်သားနမူနာများကို ရယူထားပြီးဖြစ်သည်။

၁၉၉၉ ခုနှစ်တွင် ပထမဆုံး တွေ့ရှိခဲ့သည့် ဘန်နူးဂြိုဟ်သိမ်သည် လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်နှင့် ကီလိုမီတာ သန်း ၈၀ ခန့်အကွာတွင် ရှိနေကြောင်း သိရသည်။

**Ref : Space.com**
**Trs : KKO**

# HEALTH

## BRCA မျိုးဗီဇကြောင့် ရင်သားကင်ဆာဖြစ်နိုင်ခြေ မူလယုံကြည်ထားသည်ထက် ပို၍နည်းပါး

**လန်ဒန် ဇက်တင်ဘာ ၂၁**

BRCA ခေါ် မျိုးဗီဇမူကွဲ တစ်မျိုးရှိနေတတ်သည့် အမျိုးသမီးများ၏ ရင်သားကင်ဆာရောဂါ ဖြစ်နိုင်ခြေမှာ မူလကယုံကြည်ထားကြသည်ထက် ပို၍နည်းပါးနေနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ အက်ဆက်တာ တက္ကသိုလ်မှ သုတေသနပညာရှင်များသည် BRCA 1 သို့မဟုတ် BRCA 2 မျိုးဗီဇမူကွဲများပိုင်ဆိုင်ထားသော အမျိုးသမီးဦးရေ ၄၀၀၀၀၀ ကျော်တို့ကို လေ့လာခဲ့သည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ BRCA မျိုးဗီဇပိုင်ဆိုင်ထားသူများသည် အသက် ၆၀ ခန့်တွင် ရင်သားကင်ဆာရောဂါ ဖြစ်နိုင်ခြေမှာပျမ်းမျှထက် ပိုမြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များက အတည်ပြုနိုင်ခဲ့သည်။

သို့ရာတွင် BRCA မျိုးဗီဇပိုင်ရှင် အမျိုးသမီးများ၏ ရင်သားကင်ဆာဖြစ်နိုင်ခြေနှုန်းသည် ယခင်မှတ်ယူထားခဲ့ကြသည်ထက် သိသိသာသာပိုနည်းပါးကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် ရင်သားကင်ဆာလူနာများနှင့် သွေးမတော် သားမစပ်သည့် အမျိုးသမီးများအနေဖြင့် BRCA မျိုးဗီဇများပိုင်ဆိုင်ထားသည့်တိုင် ၎င်းတို့၏ရင်သားကင်ဆာဖြစ်နိုင်ခြေမှာ ပျမ်းမျှနှုန်းထက် ၁၈ ရာခိုင်နှုန်းသာ ပိုမြင့်မားကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်ကြောင့် BRCA မျိုးဗီဇပိုင်ရှင် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ ရင်သားကင်ဆာဖြစ်နိုင်ခြေကို လက်တွေ့ကျကျပို၍ နားလည်လာနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Health Day News**
**Trs : KKO**


## နေကိုအနီးကပ်ဖြတ်ကျော်ပျံသန်းနေသော နီရှီမူရာကြယ်တံခွန်ကို နာဆာ၏ STEREO-A အာကာသယာဉ်ငယ်တစ်စင်းက ဓာတ်ပုံရိုက်နိုင်ခဲ့

**ဝါရှင်တန် ဇက်တင်ဘာ ၂၁**

နေကို အနီးကပ်ဖြတ်ကျော်ပျံသန်းနေသော နီရှီမူရာကြယ်တံခွန်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ STEREO-A အမည်ရှိ အာကာသယာဉ်ငယ်တစ်စင်းက ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

STEREO-A အာကာသယာဉ်သည် နီရှီမူရာကြယ်တံခွန်ကို စက်တင်ဘာ ၁၉ ရက်တွင် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဓာတ်ပုံကို ရိုက်ကူးနေချိန်တွင် နီရှီမူရာကြယ်တံခွန်သည် နေကို မိုင်ပေါင်း ၂၀ ဒသမ ၅ သန်း အကွာမှ ဖြတ်ကျော်ပျံသန်းနေကြောင်း သိရသည်။



STEREO-A အာကာသယာဉ်သည် နေမှခွာထွက်ပျံသန်းနေသည့် နီရှီမူရာကြယ်တံခွန်ကို အောက်တိုဘာလဆန်းပိုင်းထိ ဆက်လက် စောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

နီရှီမူရာကြယ်တံခွန်ကို ယခုနှစ် ဩဂုတ် ၁၃ ရက်တွင် ဂျပန်သိပ္ပံပညာရှင် ဟီဒီယိုနီရှီမူရာက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

နေကိုတစ်ပတ် ပတ်မိရန် နှစ်ပေါင်း ၄၃၅ နှစ်ကြာအချိန်ယူရသည့် နီရှီမူရာကြယ်တံခွန်ကို ၂၄၅၈ ခုနှစ်တွင် ကမ္ဘာနှင့်နေကို အနီးကပ် ထပ်မံဖြတ်သန်းမည်ဖြစ်ကြောင်း သိရသည်။

**Ref : Space.com**
**Trs : KKO**

## အလုပ်ခွင်စိတ်ဖိအားများကြောင့် အမျိုးသားများ၏ နှလုံးကျန်းမာရေး ထိခိုက်လာနိုင်ဖွယ်ရှိ

**အော့တဝါ ဇက်တင်ဘာ ၂၁**

အလုပ်ခွင် စိတ်ဖိအားများကြောင့် အမျိုးသားများ၏နှလုံးကျန်းမာရေး ထိခိုက်လာနိုင်ဖွယ်ရှိကြောင်း ကနေဒါနိုင်ငံ ကွိဘက်တက္ကသိုလ်မှ သုတေသနပညာရှင်များက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားလိုက်သည်။

ကနေဒါ သုတေသနပညာရှင်များသည် ဉာဏအလုပ်သမား ဦးရေ ၆၅၀၀ ခန့်ကိုစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အလုပ်ခွင်၌ ဖိအားများသော အမျိုးသားများသည် အလုပ်ခွင်အခြေအနေကို ကျေနပ်နေသူများထက် နှလုံးရောဂါဖြစ်နိုင်ခြေ ပိုမြင့်မားလာနိုင်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကနေဒါ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလုပ်ခွင်စိတ်ဖိအားဝင်ရောက်မှုပြဿနာရှိနေသူ အမျိုးသားများသည် နောင်လာမည့် ၁၈ နှစ်အတွင်း နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်းခန့်ပိုမြင့်မားကြောင်း သိရသည်။

သို့ရာတွင် အမျိုးသမီးဉာဏအလုပ်သမားများကြားတွင်မူ အလုပ်ခွင်စိတ်ဖိအား၏ နှလုံးကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုမျိုး မတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အမျိုးသားများ၏ အလုပ်ခွင်စိတ်ဖိအားသည် သွယ်ဝိုက်သောနည်းအားဖြင့် နှလုံးကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

**Ref : Health Day News**
**Trs : KKO**



## ဂျပန်နိုင်ငံ၏ SLIM လဆင်းယာဉ်က လကမ္ဘာခရီးစဉ်အတွက် ပထမဆုံးအဆင့်ကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်

**တိုကျို ဇက်တင်ဘာ ၂၁**

ဂျပန်နိုင်ငံ၏ SLIM လဆင်းယာဉ်သည် လကမ္ဘာခရီးစဉ်အတွက် ပထမဆုံးအဆင့်ကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက စက်တင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

SLIM လဆင်းယာဉ်သည် နေစွမ်းအင်ပြားများ၊ ဆက်သွယ်ရေးစနစ်များ၊ ဒုံးကန်အားစနစ်နှင့် အခြားစနစ်အားလုံးကို အောင်မြင်စွာ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း ဂျပန်အာကာသအေဂျင်စီ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် SLIM လဆင်းယာဉ်သည် လကမ္ဘာခရီးစဉ် ဒုတိယအဆင့်အဖြစ် ကမ္ဘာပတ်လမ်းကြောင်းပေါ်၌ ရက်ပေါင်း ၂၀ ပျံသန်း၍ လကမ္ဘာခရီးစဉ်လမ်းကြောင်းကိုစတင်ပေးသည့် ကြားခံပတ်လမ်းအတွင်း ဝင်ရောက်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်မည်ဖြစ်ကြောင်း၊ SLIM လဆင်းယာဉ်၏လကမ္ဘာခရီးစဉ်သည် ပုံမှန်ထက်ပို၍ ကြာညောင်းမည်ဖြစ်ပြီး လာမည့်နှစ် ဖေဖော်ဝါရီလမှသာ လပတ်လမ်းအတွင်း ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

လပတ်လမ်းအတွင်း ဝင်ရောက်ပြီးချိန်တွင် SLIM အာကာသယာဉ်သည် ရှီအိုလီအမည်ရှိ ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌ ဆင်းသက်မည်ဖြစ်ကြောင်း၊ ဆင်းသက်မှုအောင်မြင်ခဲ့ပါက ဂျပန်နိုင်ငံသည် လပေါ်သို့ လဆင်းယာဉ်စေလွှတ်နိုင်သည့် ပဉ္စမမြောက် ကမ္ဘာ့နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Space.com**
**Trs : KKO**

# သမိုင်းတစ်လျှောက် နှစ်ပေါင်း ၄၅ နှစ်အတွင်း ပြိုင်ပွဲစုံသုံးပွဲဆက် သုံးဂိုးနှင့်အထက်ပေးရသည့်မှတ်တမ်းဆိုးကို မန်ယူအသင်းပြန်လည်ရရှိ

**မန်ချက်စတာ အောက်တိုဘာ ၂၁**

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် မန်ယူအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် မန်ယူအသင်းက လေးဂိုး သုံးဂိုးနှင့် ရှုံးနိမ့်ခဲ့ပြီးနောက် မန်ယူအသင်း သမိုင်းတစ်လျှောက် နှစ်ပေါင်း ၄၅ နှစ်အတွင်း ပြိုင်ပွဲစုံသုံးပွဲဆက် သုံးဂိုးနှင့်အထက်ပေးခဲ့ရသည့် မှတ်တမ်းဆိုးတစ်ရပ် ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် ဂိုးသမားအိုနာနာ၏ အမှားမှတစ်ဆင့်မန်ယူအသင်း ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းကို အပြန်အလှန် သွင်းဂိုးများဖြင့် အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မန်ယူအသင်း သမိုင်းတွင် ပြီးခဲ့သည့် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလက ပြိုင်ပွဲစုံသုံးပွဲဆက် သုံးဂိုးနှင့်အထက်ခွင့်ပြုခဲ့ရပြီး အဆိုပါကာလက မန်ယူအသင်းကို နည်းပြအဖြစ် ဒေ့ဗ်ဆက်တန်က တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် မန်ယူအသင်းအနေဖြင့် ပြိုင်ပွဲစုံသုံးပွဲဆက် သုံးဂိုးနှင့်အထက်ပေးခဲ့ရခြင်း မရှိတော့ဘဲ ယခုအခါမှသာ နည်းပြတန်ဟတ်လက်ထက် နှစ်ပေါင်း ၄၅ နှစ်အတွင်း ပြိုင်ပွဲစုံ သုံးပွဲဆက် သုံးဂိုးနှင့်အထက် ပေးရသည့် မှတ်တမ်းဆိုးတစ်ရပ် ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် နောက်ဆုံးကစားခဲ့သည့်ပြိုင်ပွဲစုံ သုံးပွဲဆက်တွင် အာဆင်နယ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဘရိုက်တန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ဘိုင်ယန်မြူးနစ်အသင်းကို လေးဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီးရှုံးနိမ့်ခဲ့ပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် သုံးပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၅) ပွဲကြိုသုံးသပ်ချက်

STA

ဂလာဘတ် Vs လိုက်ပ်ဇစ်

**ကစားမည့်ရက်/အချိန် ၂၃-၉-၂၀၂၃ (ည ၀း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုက်ပ်ဇစ် ၃ – ၀ ဂလာဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | – | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(သရေ) |
| လိုက်ပ်ဇစ် | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |

ပြိုင်ပွဲစုံသုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားပြီး အိမ်ကွင်းနှစ်ပွဲဆက်ရှုံးနိမ့်ထားတဲ့ ဂလာဘတ်အသင်းရဲ့ခြေစွမ်းက အတော်လေးဆိုးရွားနေပါတယ်။ လေးပွဲဆက်နိုင်ပွဲရယူထားတဲ့ လိုက်ပ်ဇစ်အသင်းကတော့ခြေစွမ်းပိုင်းကောင်းမွန်နေသလို တိုက်စစ်ပိုင်းကလဲ ထက်မြက်မှုရှိနေပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လိုက်ပ်ဇစ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဂလာဘတ် ၀ – ၂ လိုက်ပ်ဇစ်**

# စပိန်လာလီဂါ ပွဲစဉ် (၆) ပွဲကြိုသုံးသပ်ချက်

STA

ဘာစီလိုနာ Vs ဆဲလ်တာဗီဂို

**ကစားမည့်ရက်/အချိန် ၂၃-၉-၂၀၂၃ (ည ၁၁း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆဲလ်တာဗီဂို ၂ – ၁ ဘာစီလိုနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘာစီလိုနာ | – | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |
| ဆဲလ်တာဗီဂို | – | အိမ်(ရှုံး) | ဝေး(နိုင်) | အိမ်(ရှုံး) |

ဆဲလ်တာဗီဂိုအသင်းဟာ ဘာစီလိုနာအသင်းနဲ့တွေ့ဆုံတိုင်း အခက်တွေ့အောင်ကစားနိုင်တယ်ဆိုပေမဲ့ အခုပွဲစဉ်မှာတော့ ပွဲချိန်ပြည့် ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဘာစီလိုနာအသင်းကလဲ ပြိုင်ပွဲစုံ ငါးပွဲဆက်နိုင်ပွဲရယူထားပြီး နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲမှာ ၁၀ ဂိုး သွင်းယူနိုင်တဲ့ထိ တိုက်စစ်ပိုင်းက ထက်မြက်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာခြေစွမ်းရော အိမ်ရှင်အားသာချက်ပါရှိနေတဲ့ ဘာစီလိုနာအသင်းရဲ့ အနိုင်ရလဒ်က သေချာနေပါတယ်။

**အင်တာနက်ခန့်မှန်း – ဘာစီလိုနာ ၃ – ၁ ဆဲလ်တာဗီဂို**

# အေအက်ဖ်စီဖလား အုပ်စုအဖွင့်ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက မာကာသာအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်



**ရန်ကုန် အောက်တိုဘာ ၂၁**

အာရှဘောလုံး အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့ ည ၆ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ဩစတြေးလျကလပ် မာကာသာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းအနေဖြင့် သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစပိုင်းက အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့် မာကာသာအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၂၀ ၌ ဂါမိန်းက မာကာသာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးရန် ကြိုးပမ်းခဲ့ရာမှ ပိုမိုအကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် ၈၄ မိနစ်တွင် အလီအော့လတ်က လည်းကောင်း၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ငါးမိနစ်တွင် လက်လန်ရှိစ်က လည်းကောင်း မာကာသာအသင်းအတွက် ဦးဆောင်ဂိုးများဆက်လက်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မာကာသာအသင်းက သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# အာရှအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်၌ မြန်မာအသင်း ရှုံးနိမ့်

**ရန်ကုန် အောက်တိုဘာ ၂၁**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိနေသည့် (၁၉)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် အိမ်ရှင်တရုတ်အသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက လေးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက ပြည့်ဖြိုးသူ၊ သက်ဟိန်းစိုး၊ ဟိန်းဇေယျာလင်း၊ လတ်ဝေဖုန်း၊ ကောင်းထက်ပိုင်၊နေမိုးနိုင်၊ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ ခွန်ကျော်ဇင်ဟိန်း၊ ထက်ဖြိုးဝေ အစရှိသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သော်လည်း ပွဲစကတည်းက တရုတ်အသင်းက ခြေစွမ်းပိုင်း အသာ၊ ဂိုးပေါက်ခြိမ်းခြောက်မှု အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၁၅ မိနစ်နှင့် ၁၉ မိနစ်တွင် လောင်တန်ကလည်းကောင်း၊ ပွဲချိန် ၂၂ မိနစ်တွင် ဇန်နီဝမ်ကလည်းကောင်း၊ ပွဲချိန် ၄၄ မိနစ်တွင် ဝီဂျန်ဒိုင်ကလည်းကောင်း တရုတ်အသင်းအတွက် ဦးဆောင်ဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တရုတ်အသင်းက လေးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးကစားရန် ကြိုးပမ်းခဲ့သော်လည်း တရုတ်အသင်း၏ အကောင်းဆုံး ထိန်းချုပ်မှုများကြောင့် ချေပဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ဘဲ ပထမပိုင်း သွင်းဂိုးများဖြင့် တရုတ်အသင်းက မြန်မာအသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# World Champions Cup ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ဗီဂျေးဆင်းဟ်၊ ဘန်ဟက်လန်ဂါနှင့် စတီဗထရစ်ကာတို့ ထုတ်ပြန်

**ဖလော်ရီဒါ အောက်တိုဘာ ၂၁**

World Champions Cup ဂေါက်သီးရိုက်ပြိုင်ပွဲအဖြစ် လာမည့် ဒီဇင်ဘာလတွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် နာမည်ကြီး ဝါရင့်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဖီဂျီဂေါက်သီးရိုက်ကစားသမား ဗီဂျေးဆင်းဟ်၊ ဂျာမနီဂေါက်သီးရိုက်ကစားသမား ဘန်ဟက်လန်ဂါနှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စတီဗထရစ်ကာတို့က ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

World Champions Cup ဂေါက်သီးရိုက်ပြိုင်ပွဲသည် အသင်းလိုက်ယှဉ်ပြိုင်ရသည့် ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်ပြီး Team International၊ Team Europe နှင့် Team USA သုံးသင်းက ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

ဗီဂျေးဆင်းဟ်၊ ဘန်ဟက်လန်ဂါနှင့် စတီဗထရစ်ကာတို့သည် World Champions Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အလိုအလျောက်ပါဝင်ယှဉ်ပြိုင်ခွင့်ရထားကြပြီး သက်ဆိုင်ရာအသင်းများတွင် ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

World Champions Cup ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းအရ အသက် ၅၀ နှစ်နှင့်အထက် ကစားသမားများကိုသာကစားခွင့်ပြုထားပြီး အသင်းတစ်သင်းလျှင် ပြိုင်ပွဲဝင် ခြောက်ဦးခွင့်ပြုထားသည်။

တောင်အာဖရိက ဂေါက်သီးရိုက်ကစားသမား အန်နီက Team International အသင်း၏ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသွားမည်ဖြစ်ပြီး မြောက်အိုင်ယာလန်ဂေါက်သီးရိုက် ကစားသမားဒါရင်ကလက်က Team Europe အသင်းကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသွားမည်ဖြစ်ကာ အမေရိကန် ဂေါက်သီးရိုက်ကစားသမားဂျင်မ်ဖူရိုက်က Team USA ကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : GA

Trs : AZL

# မြောက်ကိုရီးယား-ရုရှား ဆက်ဆံရေးအလားအလာ

မောင်စိန်အိ(နဘဲမြေ)

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံကို တစ်နှစ်လျှင် လက်နက်ခဲယမ်းကျည် ၁၄ သန်းကျော် ပစ်ခတ်သုံးစွဲလျက်ရှိသည်။ သို့သော် ရုရှားနိုင်ငံအနေဖြင့် တစ်နှစ်လျှင် ခဲယမ်း နှစ်သန်းခန့်သာ ထုတ်လုပ်လျက်ရှိသည်။ အခြားတစ်ဖက်တွင်လည်း ယူကရိန်းနိုင်ငံသည် တစ်နှစ်လျှင် လက်နက်ခဲယမ်းကျည် ၂ ဒသမ ၅ သန်းခန့် ပစ်ခတ်လျက်ရှိသော်လည်း ၎င်းခဲယမ်းများရရှိရေးအတွက် ရုန်းကန်ရလျက်ရှိသည်။

မြောက်ကိုရီးယားနှင့် ရုရှားတို့ကြား အမြောက်ကျည်ဆန်များ ရောင်းချရေးဆိုင်ရာစာချုပ်သည် တိုးတက်ဖြစ်ထွန်းမှုများရှိနေပြီး ရုရှားနိုင်ငံ၏ ခဲယမ်းရရှိရေး အကျပ်အတည်းအတွက် အဖြေတစ်ရပ်လည်းဖြစ်သည်။

ယူကရိန်းအရေးစတင်ဖြစ်ပွားကတည်းက ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုများသည် ကန့်သတ်ချက်များရှိနေပြီး ရုရှားအနေဖြင့် အမြောက်ကျည်ဆန်များအပါအဝင် စစ်အသုံးအဆောင်ပစ္စည်းများကို ဝယ်ယူဖြည့်တင်းနိုင်လျက်ရှိသည်။ ရုရှားနိုင်ငံသည် တရုတ်၊ အီရန်နှင့် မြောက်ကိုရီးယားတို့ထံမှ စစ်လက်နက်ပစ္စည်းများ ဝယ်ယူရရှိရေးအဆိုပြုထားသည်။ တရုတ်နိုင်ငံအနေဖြင့် ရုရှားနှင့်နွေးထွေးသော ဆက်ဆံရေးရှိသော်လည်း စစ်မြေပြင်သို့ စစ်လက်နက်ပစ္စည်းများ တိုက်ရိုက်ပံ့ပိုးကူညီပေးပို့သွားရန် ငြင်းဆိုလျက်ရှိသည်။

အီရန်နိုင်ငံသည် ရုရှားကို ဒရုန်းများနှင့်အမြောက်ကျည်ဆန်များ ရောင်းချပေးလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် ရုရှားအမြောက်တပ်ဖွဲ့အတွက် ခဲယမ်းအမြောက်အမြားကို တိုက်ရိုက်ပံ့ပိုးပေးသည့် ပထမဆုံးသော နိုင်ငံပင်ဖြစ်သည်။ အဆိုပါစာချုပ်သည် စစ်ပွဲကျယ်ပြန့်လာစေနိုင်သည့်အတွက် သမိုင်းမှတ်တမ်းဝင်သွားမည်ဟုဆိုသည်။

စင်စစ်အားဖြင့် ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် နိုင်ငံတကာသို့ ခရီးသွားလိုသောဆန္ဒမရှိကြပေ။ စက်တင်ဘာ ၁၃ ရက်တွင် သမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးမှုသည် ကင်ဂျုံအန်အတွက်မူ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားကတည်းက နိုင်ငံတကာသို့ ပထမဆုံးအကြိမ် ခရီးသွားလာမှုပင်ဖြစ်သည်။ ၎င်းသည် ကျည်ကာ သံချပ်ကာရထားနှင့် ရုရှားနိုင်ငံသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံခေါင်းဆောင်များအတွက် များစွာအရေးပါလျက်ရှိပြီး ဖြစ်ခေါင့်ဖြစ်ခဲတွေ့ဆုံမှုနှင့် နီးကပ်သောဆက်ဆံရေးကို ပြသခဲ့သောကြောင့်ပင်ဖြစ်သည်။

ယူကရိန်းပဋိပက္ခ၌ ရုရှားမြေပြင်တပ်ဖွဲ့များ၏ ထိုးစစ်သည် အမြောက်လက်နက်စနစ်အပေါ်တွင် လုံးလုံးလျားလျား မှီခိုရလျက်ရှိသည်။ ရုရှားကြည်းတပ်သည် အမြောက်ကျည်ဆန် လက်ကျန်နည်းပါးလာသောကြောင့် နိုင်ငံတကာဈေးကွက်မှ ဝယ်ယူရန် ဖိအားဖြစ်ပေါ်လာလျက်ရှိသည်။ သို့သော် ၁၉၅၀-၁၉၅၃ ကိုရီးယားစစ်ပွဲပြီးနောက် ကိုရီးယားကျွန်းဆွယ်နိုင်ငံများဖြစ်သည့် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားတို့တွင် အမြောက်ကျည်ဆန်များစွာ စုပုံသိုလှောင်ထားလျက်ရှိသည်။

ထို့ကြောင့် အမေရိကန်သည် တောင်ကိုရီးယားမှ အမြောက်ကျည်ဆန်များဝယ်ယူပြီး ယူကရိန်းနိုင်ငံကို လွှဲပြောင်းပေးလျက်ရှိသလို ရုရှားနိုင်ငံအနေဖြင့်လည်း မြောက်ကိုရီးယားမှ အမြောက်ကျည်ဆန်များကို လက်ခံရရှိလျက်ရှိသည်။ ထို့ကြောင့် ရုရှားနှင့်ယူကရိန်းတို့အနေဖြင့် အပြန်အလှန်ပစ်ခတ်မှုကို ဆက်လက်



ထိန်းသိမ်းထားနိုင်မည်ဖြစ်ပြီး ပြည်တွင်းစက်မှုလုပ်ငန်းများအနေဖြင့် လိုအပ်ချက်များကို ပြုပြင်ပြောင်းလဲထုတ်လုပ်သွားမည်ဖြစ်သည်။

ရုရှားနိုင်ငံသည် ပင်ကိုအားဖြင့် မြောက်ကိုရီးယား၏ မဟာမိတ်နိုင်ငံ မဟုတ်ပေ။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ရုရှားနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနည်းပညာများ တိုးတက်လာမှုထိန်းချုပ်ရေး နိုင်ငံတကာကြိုးပမ်းမှုများတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်ခဲ့သည်။ ထို့ပြင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံကဲ့သို့ပင် အိမ်နီးချင်းနိုင်ငံများ တည်ငြိမ်အေးချမ်းမှုကို လိုလားလျက်ရှိပြီး အမေရိကန်နှင့် ဥရောပထိပင် ရောက်ရှိဒုက္ခပေးနိုင်သည့်မြောက်ကိုရီးယားနျူကလီးယား စွမ်းဆောင်ရည်သည် ဒေသတွင်းမတည်ငြိမ်မှုဖြစ်ပေါ်စေနိုင်သည်ဟု ရှုမြင်ထားရှိသည်။ သို့သော် ယူကရိန်းပဋိပက္ခနှင့် အမြောက်ကျည်ဆန်အမြောက်အမြားလိုအပ်လာခြင်းသည် ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား လက်တွေ့ကျသော မဟာမိတ်ဆက်ဆံရေးကို အခြေခံကျကျ ထူထောင်လာစေခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏ခဲယမ်းများကို ငွေကြေး၊ စားနပ်ရိက္ခာနှင့် အဆင့်မြင့်စစ်ဘက်ဆိုင်ရာနည်းပညာတို့နှင့် ဖလှယ်သွားလိုသောဆန္ဒရှိနေသည်။ ရုရှားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံမှရယူသွားလိုသော ခဲယမ်းလိုအပ်ချက်အပေါ် မူတည်၍ ငွေကြေး၊ စားနပ်ရိက္ခာနှင့်နည်းပညာတို့ကို လွှဲပြောင်းပေးအပ်သွားဖွယ်ရာရှိနေသည်။

ရုရှားနိုင်ငံအနေဖြင့် အမြောက်ကျည်ဆန်များလိုအပ်ချက်ရှိနေသည့်တိုင်အောင် မြောက်ကိုရီးယားနျူကလီးယားအစီအစဉ်အတွက် အဆင့်မြင့်ဒုံးကျည်နည်းပညာမှလွဲ၍ အသံလွန်ဒုံးကျည်များ၊ သို့တည်းမဟုတ် အသေးစားကျည်ထိပ်ဖူးထုတ်လုပ်သည့်နည်းပညာများကို လွှဲပြောင်းပေးအပ်သွားဖွယ်ရာမရှိပေ။ စင်စစ်အားဖြင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုသည် ရုရှားနိုင်ငံအတွက် မဟာဗျူဟာမြောက် စိုးရိမ်ပူပန်မှုလည်း ဖြစ်နေသည်။

ယူကရိန်းနိုင်ငံတွင် ရုရှား၏ ထိုးစစ်ဆင်တိုက်ခိုက်မှုသည် နိုင်ငံတကာ ပေါင်းစည်းမှုကို ပိုမိုခိုင်မာအားကောင်းလာစေခဲ့သည်။ ယခင်က ကြားနေနိုင်ငံဖြစ်သောဖင်လန်သည် NATOအဖွဲ့သို့ ပူးပေါင်းပါဝင်လာခဲ့ပြီး ဆွီဒင်နိုင်ငံအနေဖြင့်လည်း NATO အဖွဲ့ဝင်အဖြစ် လျှောက်ထားပြီးဖြစ်သည်။ တောင်ကိုရီးယားနှင့် ဂျပန်တို့သည် ပိုမိုနီးကပ်လာခဲ့ပြီး ရုရှား၊ တရုတ်၊ အီရန်နှင့်မြောက်ကိုရီးယားတို့သည် ပေါင်းစည်းမှုပိုမိုနီးကပ်လာခဲ့သည်။

အမှန်တော့ ဆက်သွယ်ရေးဆိုင်ရာ နှောင့်ယှက်ဟန့်တားခံရမှုများအပါအဝင် သူလျှိုဂြိုဟ်တုများ၏ လှုပ်ရှားမှုများ၊ မြေပုံများနှင့် သတင်းအချက်အလက်များကိုအချိန်နှင့်တစ်ပြေးညီ ရရှိရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုသည် ယူကရိန်းတို့အတွက် စိန်ခေါ်မှုပင်ဖြစ်သည်။ အရှေ့ဥရောပဒေသမှစစ်ပွဲနှင့် လက်ရှိ အာရှတင်းမာမှုများကြား ချိတ်ဆက်ဆောင်ရွက်ခြင်းသည် အန္တရာယ်ကြီးမားပြီး ပိုမိုကျယ်ပြန့်သော စစ်ပွဲတစ်ခုဖြစ်ပေါ်လာနိုင်သည်။

မြောက်ကိုရီးယားနှင့်ရုရှားတို့သည် အဆင့်မြင့်ဆိုက်ဘာစစ်ပွဲဆင်နွှဲနိုင်ပြီး ဆိုက်ဘာနည်းပညာမြင့်မားသောနိုင်ငံများဖြစ်ကြသည်။ ၎င်းတို့အနေဖြင့် မည်သည့်အခြေခံအဆောက်အအုံကိုမဆို နှောင့်ယှက်ထိုးဖောက်ဝင်ရောက်နိုင်ပြီး သတင်းအချက်အလက်များကို တိတ်တဆိတ်ရယူနိုင်စွမ်းရှိသည်။ သာဓကအနေဖြင့် မြောက်ကိုရီးယား၏ Lazarus ဟက်ကာအဖွဲ့သည် ခရစ်တိုငွေကြေး အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာကို မူလအကောင့်ပိုင်ရှင်မသိအောင် တိတ်တဆိတ် ထုတ်ယူနိုင်စွမ်းရှိသည်ဟုဆိုသည်။

ထို့ပြင် အွန်လိုင်းသတင်းအတုအယောင်များ၊ မှားယွင်းသော သတင်းအချက်အလက်များ တင်ပြမှုနှင့် အဓိကအခြေခံအဆောက်အအုံများကိုဟန့်တားနှောင့်ယှက်သည့် ရုရှား၏ကြိုးပမ်းမှုများသည် အနောက်တိုင်းလူ့အဖွဲ့အစည်းကို သိသာထင်ရှားသော ခြိမ်းခြောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ ရုရှားသူဌေးကြီးများအနေဖြင့် အနောက်တိုင်းပိတ်ဆို့မှုများကို ကျော်လွှားနိုင်ရေးအတွက် Bitcoinကို အသုံးပြုလျက်ရှိသည်ဟုဆိုသည်။

စစ်ဆင်ရေး၌ လွှမ်းမိုးချုပ်ကိုင်ခြင်း၊ ကွန်ပျူတာထိန်းချုပ်မှုစနစ်ကို နှောင့်ယှက်ခြင်းနှင့် စိတ်ဓာတ်စစ်ဆင်ရေးတို့တွင် တရုတ်၊ ရုရှားနှင့် အီရန်ကျွမ်းကျင်ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဥရောပ-အတ္တလန္တိတ်ဒေသရှိ နိုင်ငံရေးနှင့်တန်ဖိုးထားမှုစံနှုန်းများကို ပုံဖော်သွားနိုင်မည့် ၎င်းတို့၏စုပေါင်းစွမ်းဆောင်ရည်သည် သိသာထင်ရှားသော သက်ရောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။

အမှန်တော့ ယူကရိန်းအရေးတွင် ဒစ်ဂျစ်တယ်အသုံးပြုလာမှုနှင့် ကိုရီးယားကျွန်းဆွယ်တင်းမာမှုတို့သည် ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား ပိုမိုနီးကပ်သော ပူးပေါင်းဆောင်ရွက်မှုကို သိသာထင်ရှားစွာ မြှင့်တင်ပေးလျက်ရှိသည်။

ဆိုရလျှင် မြောက်ကိုရီးယားနိုင်ငံက ရုရှားနိုင်ငံကို အမြောက်ကျည်ဆန်များ ရောင်းချပေးသွားမည့် စာချုပ်သည် ယူကရိန်းပဋိပက္ခ ပိုမိုပြင်းထန်လာစေမည်ဖြစ်သကဲ့သို့ ရုရှား၊ မြောက်ကိုရီးယား၊ တရုတ်နှင့်အီရန်တို့၏ မဟာမိတ်ဖွဲ့မှုသည်လည်း ပိုမိုနီးကပ်လာစေမည်ဖြစ်သည်။

**ကိုးကား**

- **North Korea- Russia deal carries seeds of a wider war by Asia Times.**

# ကျိုက်လတ်မြို့နယ် တုံးလှဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် Mobile Solar ရေသန့်စင်စနစ်လုပ်ငန်းများ စစ်ဆေး

**ကျိုက်လတ် စက်တင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဒေါ်ပုံကျေးရွာအုပ်စု တုံးလှဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် Mobile Solar ရေသန့်စင်စနစ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသူရရှိန်နှင့်ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ တုံးလှဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် Mobile Solar ရေသန့်စင်စနစ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များအနေဖြင့် စီမံကိန်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တုံးလှဲကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည် ၁၂၀၅ ပေ၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် Mobile Solar ရေသန့်စင်စနစ်လုပ်ငန်းဆောင်ရွက်နေမှုကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



**မြူလေး**

# မင်းကွန်းဒေသထွက် လက်ရေးပန်းချီ ဝါးပေတံများ ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ အဓိကတင်ပို့နေ



**စစ်ကိုင်း စက်တင်ဘာ ၂၂**

စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသထွက် လက်ရေးပန်းချီ ဝါးပေတံများ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ အဓိကတင်ပို့နေကြောင်း စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသမှ မြသိန်းတန် ဝါးလက်ရေးပန်းချီလုပ်ငန်းပိုင်ရှင် ဦးတိုးကျော်က ပြောပြ၍ သိရသည်။

မင်းကွန်းဒေသရှိ ပုထိုးတော်ကြီး၊ မြသိန်းတန်စေတီ အပါအဝင် အထင်ကရ ဘုရားစေတီပုထိုးများသို့ လာရောက်လည်ပတ်သူများအား အမှတ်တရ လက်ဆောင်ပစ္စည်းအနေဖြင့် မင်းကွန်းဒေသမှ လက်ရေးပန်းချီ ဝါးပေတံများ ထုတ်လုပ်ရောင်းချခြင်းကို ၂၀၀၀ ပြည့်နှစ်ခန့်ကတည်းက လုပ်ကိုင်နေကြခြင်းဖြစ်ပြီး ယခုအခါ မင်းကွန်းဒေသထွက် လက်ရေးပန်းချီ ဝါးပေတံများကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ အမှတ်တရ လက်ဆောင်ပစ္စည်း ဈေးကွက်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

"လက်ရေးပန်းချီ ဝါးပေတံကတော့ မင်းကွန်းဒေသရဲ့ အမှတ်တရ လက်ဆောင်ပစ္စည်းအနေနဲ့ အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်မှာ ဈေးကွက်သီးသန့်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးက မှာကြတဲ့အတွက် အဲဒီဘက်ကို အဓိကပို့ပေးနေပါတယ်။ ကျွန်တော်တို့ဆီမှာတော့ လက်ရေးပန်းချီ ဝါးပေတံက တစ်ရက်ကို အချောင်း ၁၀၀ လောက်ထုတ်လုပ်နိုင်ပါတယ်။ ထုတ်လုပ်သမျှတော့ ဈေးကွက်ထဲကို တင်ပို့နေပါတယ်" ဟု ဦးတိုးကျော်က ပြောပြသည်။

လက်ရေးပန်းချီ ဝါးပေတံများ၏ အရွယ်အစားမှာ ခြောက်လက်မ၊ ၁၂ လက်မ နှစ်မျိုးရှိပြီး ဈေးနှုန်းအနေဖြင့် ခြောက်လက်မ အရွယ်အစား လက်ရေးပန်းချီ ဝါးပေတံ တစ်ချောင်းလျှင် ငွေကျပ် ၃၀၀၀ နှင့် ၁၂ လက်မ အရွယ်အစား လက်ရေးပန်းချီ ဝါးပေတံ တစ်ချောင်းလျှင် ငွေကျပ် ၃၅၀၀ ရှိကြောင်း သိရသည်။ ASH

# Troll ၏ နောက်ဆက်တွဲဇာတ်ကားသစ် ရိုက်ကူးရေးအတွက် Netflix ပြင်ဆင်

**နယူးယောက် စက်တင်ဘာ ၂၂**

Troll (2022) ၏ နောက်ဆက်တွဲဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် Netflix ကုမ္ပဏီက ပြင်ဆင်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

Troll -2 ဇာတ်ကားကို Tomb Raider ဒါရိုက်တာ ရိုအာယူသော့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး မူလ Troll (2022) ကိုလည်း ၎င်းကပင် တာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်သည်။

Troll (2022) အကြီးအကျယ် အောင်မြင်ခဲ့ပြီးနောက် နောက်ဆက်တွဲဇာတ်ကားအဖြစ် Troll -2 ကို ဆက်လက်ရိုက်ကူးရန် Netflix ကုမ္ပဏီက စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဘီလူးတစ်ကောင် ပြန်လည်နိုးထလာမှုနှင့် ရင်ဆိုင်ခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားခြင်းဖြစ်သည်။ မူလ Troll ဇာတ်ကားကို Netflix ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်ထုတ်လွှင့်ပြသခဲ့ရာ သုံးလအတွင်း ကြည့်ရှုသူ ၁၀ သန်းထိရှိခဲ့ကြောင်း၊ ထို့ပြင် ကမ္ဘာ့နိုင်ငံပေါင်း ၉၃ နိုင်ငံတို့တွင်လည်း ကြည့်ရှုမှုအများဆုံးရုပ်ရှင်ဇာတ်ကား ၁၀ ကားစာရင်းများတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

**Ref : Variety**

**Trs : KKO**




# အဆိုတော် သိန်းလင်းစိုး၏ Don't Abandon Me တေးသီချင်းအယ်လ်ဘမ် ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၂**

အဆိုတော် သိန်းလင်းစိုး၏ Don't Abandon Me တေးသီချင်းအယ်လ်ဘမ် ယနေ့ထွက်ရှိလာပြီဖြစ်ကြောင်း သိန်းလင်းစိုးက ပြောပြ၍ သိရသည်။

Don't Abandon Me သည် သိန်းလင်းစိုး၏ တတိယမြောက် တေးသီချင်း အယ်လ်ဘမ်ဖြစ်ပြီး အဆိုပါ တေးသီချင်းအယ်လ်ဘမ်တွင် ကိုယ်တိုင်ရေး၊ ကိုယ်တိုင်သီဆိုထားသည့် တေးသီချင်းငါးပုဒ် ပါဝင်ထားကြောင်း၊ အဆိုပါတေးသီချင်းများကို လက်ရှိဖြစ်ပေါ်နေသည့် Music ခေတ်ရေစီးကြောင်းနှင့်အညီ လိုက်ကာ တေးဂီတများကို ဖန်တီးပုံဖော်ရေးစပ်ထားကြောင်း သိရသည်။

"ကျွန်တော်တို့က အနုပညာဖြစ်တဲ့ ဇာတ်လမ်းတွဲတွေ၊ ရုပ်ရှင်တချို့ရိုက်ရင်းက ဂီတဘက်ကို မလှည့်နိုင်ဘူးဖြစ်ခဲ့တယ်။ သီချင်းနဲ့ ခြောက်နှစ်ကျော်လောက်အလှမ်းဝေးသွားလို့ ခုမှပြန်လုပ်ဖြစ်တာပါ။ ကျွန်တော်သီချင်း ငါးပုဒ်စလုံးက ပရိသတ်တွေ ကြိုက်မဲ့သီချင်းတွေပဲ ရေးထားတယ်။ အရင်ကလို အငွေ့ခံစားချက်ဆိုတာထက် ကိုယ်တိုင်ခံစားချက် အစစ်အမှန်ပါတဲ့ အကြောင်းအရာတွေ ရေးထားပါတယ်။ အရင်နှစ်ခွေ လုပ်ခဲ့တုန်းက အဲဒီအချိန်အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့တယ်။ အခုချိန်ပြန်နားထောင်လိုက်ရင် ကိုယ့်ကိုယ်ကိုယ် အားအရဆုံးကတော့ တတိယမြောက်ခွေဖြစ်ပါတယ်။ အချိန်အကြာကြီးယူပြီး ပြန်လုပ်ထားတဲ့ခွေမို့ တော်တော်အားရပါတယ်"ဟု သိန်းလင်းစိုးက ပြောပြသည်။




အဆိုတော် သိန်းလင်းစိုးသည် ယခု Don't Abandon Me တေးသီချင်းအယ်လ်ဘမ်မတိုင်မီ T-Virus နှင့် Vitami –T တေးသီချင်း အယ်လ်ဘမ်တို့ ထွက်ရှိထားကြောင်း သိရသည်။ ASH

# Jawan ဇာတ်ကား ပြည်တွင်း၊ ပြည်ပ ရုပ်ရှင်ဈေးကွက်များ၌ ဝင်ငွေကောင်းနေဆဲဖြစ်

**နယူးယောက် စက်တင်ဘာ ၂၂**

ဘောလိဝုဒ်အက်ရှင်မင်းသားကြီး ရှရွတ်ခန်း၏ Jawan ဇာတ်ကားသည် ပြည်တွင်း၊ ပြည်ပ ရုပ်ရှင်ဈေးကွက်များ၌ ဝင်ငွေဆက်လက်ကောင်းနေဆဲဖြစ်ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

စတင်ရုံတင်ပြီး ၁၁ ရက်အကြာ Jawan ဇာတ်ကားသည် ကမ္ဘာ့တစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၃ သန်းထိ ရှိလာပြီဖြစ်သည်။

သို့ဖြစ်ရာ Jawan ဇာတ်ကားသည် အိန္ဒိယဘောလိဝုဒ် ရုပ်ရှင်သမိုင်း၌ ကမ္ဘာ့တစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ရက်အတိုပြင် ကျော်လွန်ခဲ့သော ဇာတ်ကားအဖြစ် စာရင်းဝင်ခဲ့သည်။

Jawan ဇာတ်ကား ရရှိထားသည့် လက်ရှိကမ္ဘာ့တစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀၃ သန်းအနက် ၆၈ သန်းမှာ အိန္ဒိယဈေးကွက်မှ ရရှိခဲ့သောဝင်ငွေဖြစ်သည်။

ယခုနှစ်စပိုင်းတွင် ရုံတင်ခဲ့ပြီး မင်းသားကြီး ရှရွတ်ခန်း ပါဝင်သရုပ်ဆောင်ထားသည့် Pathaan ဇာတ်ကားသည်လည်း ကမ္ဘာ့တစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်လွန်ခဲ့သည့် ဘောလိဝုဒ်ဇာတ်ကားတစ်ကားဖြစ်သည်။

ဒါရိုက်တာ အက်တလီကူးမား ရိုက်ကူးထားသည့် Jawan ဇာတ်ကားကို စက်တင်ဘာ ၇ ရက်က ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

**Ref : Screen Rant**

**Trs : KKO**




# မြန်မာတစ်နိုင်ငံလုံးရှိ သက်ကြီးသဘင်ပညာရှင်ဦးရေ ၁၃၀၀ ခန့်ကို အောက်တိုဘာလအတွင်း ပူဇော်ကန်တော့ရန် စီစဉ်

**ရန်ကုန် စက်တင်ဘာ ၂၂**

မြန်မာတစ်နိုင်ငံလုံးရှိ သက်ကြီးသဘင်ပညာရှင်ဦးရေ ၁၃၀၀ ခန့်ကို အောက်တိုဘာလအတွင်း ပူဇော်ကန်တော့ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)မှ အတွင်းရေးမှူး ဦးနေဝင်းက ပြောပြ၍ သိရသည်။

မြန်မာတစ်နိုင်ငံလုံးရှိ သက်ကြီးသဘင်ပညာရှင် ပူဇော်ကန်တော့ပွဲကို တတိယအကြိမ်အဖြစ်လာမည့် အောက်တိုဘာ ၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပသွားရန် စီစဉ်နေကြောင်း၊ လက်ရှိတွင် သဘင်အလှူအသီးသီးမှ အသက် ၇၅ နှစ်အထက် သက်ကြီးသဘင်ပညာရှင်များကို စာရင်းကောက်ယူထားရာ ဦးရေ ၁၃၀၀ ခန့်ရှိနေပြီဖြစ်ကြောင်း သိရသည်။

"မြန်မာတစ်နိုင်ငံလုံးမှာ သဘင်ပညာနဲ့ အသက်မွေးဝမ်းကျောင်းခဲ့ကြတဲ့ သက်ကြီးသဘင်ပညာရှင်တွေကို တတိယအကြိမ် ပူဇော်ကန်တော့ကြမှာဖြစ်ပါတယ်။ စာရင်းကောက်ထားတာ အခုအချိန်ထိ အယောက် ၁၃၀၀ လောက်ရပါပြီ။ သက်ကြီးသဘင်ပညာရှင် တစ်ယောက်ကို ငွေကျပ် ၁၀၀၀၀၀ နဲ့ တခြားပစ္စည်းတွေလဲ ပါအုံးမှာပါ"ဟု မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)မှ အတွင်းရေးမှူးဦးနေဝင်းက ပြောပြသည်။

ထိုသို့ သက်ကြီးသဘင်ပညာရှင်များအား ပူဇော်ကန်တော့ရာတွင် သဘင်ပညာနယ်ပယ်ဖြစ်သည့် အငြိမ့်၊ ဆိုင်း၊ ဇာတ်၊ ရုပ်သေး၊ ဆပ်ကပ်၊ မျက်လှည့်စသော အနုပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် အလှူအသီးသီးမှ သက်ကြီးသဘင်ပညာရှင်များ အားလုံးပါဝင်ကြောင်း သိရသည်။ ASH

# Message from H.E. Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar to His Majesty Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah,Sultan and Yang Di-Pertuan of Brunei Darussalam on the occasion of the 30th Anniversary of the establishment of diplomatic relations between the Republic of the Union of Myanmar and Brunei Darussalam

On behalf of the people of the Republic of the Union of Myanmar and on my own behalf, I take great pleasure in conveying our congratulations and best wishes to Your Majesty and, people of Brunei Darussalam on the occasion of 30th Anniversary of the establishment of diplomatic relations between Myanmar and Brunei Darussalam which falls on 21 September 2023.

It is with great satisfaction to witness that as members of the ASEAN family, Myanmar and Brunei Darussalam have been enjoying the cordial ties of friendship and cooperation both bilaterally and multilaterally while contributing towards promoting peace and prosperity of our region. As our friendly relations and bilateral partnership open a new chapter in our relations, I have every confidence that through our collective efforts, we shall be able to consolidate our friendship and expand cooperation across many areas in the best interests of our two peoples and countries.

I would like to take this opportunity to extend my warm wishes for Your Majesty's good health and happiness, as well as for the lasting prosperity of Brunei Darussalam and its people.

Please accept, Your Majesty, the renewed assurances of my highest consideration.

# Message from His Majesty Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah, Sultan and Yang Di-Pertuan of Brunei Darussalam to His Excellency Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar on the occasion of the 30th Anniversary of the establishment of diplomatic relations between Brunei Darussalam and the Republic of the Union of Myanmar

I am pleased to convey my warmest congratulations to you and to the people of the Republic of the Union of Myanmar on the occasion of the 30th anniversary of the establishment of our bilateral diplomatic relations.

Over the past three decades, Brunei Darussalam and Myanmar have enjoyed warm and long-standing ties in education and people-to-people exchanges. I look forward to strengthening further both our bilateral and regional cooperation.

With my kindest regards and best wishes for your continued good health and happiness, as well as for the progress and prosperity of the people of the Republic of the Union of Myanmar.

# Logistic Surveillance System (E-Lock) introduced in Yangon Region

**Yangon September 21**

The Logistic Surveillance System (E-Lock) is being implemented to monitor transport of commodities in containers and concealed vehicles in Yangon Region, said assistant director U Maung Maung Myat of the Customs Department.

The department cooperates with Thilawa Special Economic Zone Management Committee in implementing the new system as from 19 September. The launching of the system took place at Thilawa SEZ in Yangon Region on 19 September.

"E-lock aims to ensure smooth and swift flow of commodities and prevent illegal trade. Thanks to the new system, officials do not need to open the packages and containers of the commodities along the routes. So businesspersons can save time and cost and they will not lose commodities and waste along the routes," said U Maung Maung Myat.

The phase 1 of the system is being applied along the route from Yangon Thilawa SEZ to Myawady. If the phase 1 has success, the phase 2 will cover the Yangon-Myawady, Mandalay-Muse and Yangon-Mandalay routes.

ASH



Officials view the introduction to Logistic Surveillance System (E-Lock).

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SSMNC Secretary Sayadaw, Oxford Sayadaw attend 8th Buddhist Summit in Kato of Japan



8th Buddhist Summit in progress in Kato of Japan.

**Yangon September 21**

Secretary of the State Sangha Maha Nayaka Committee Sayadaw Dr Bhaddanta Candimabhivamsa and Rector of Shan State Buddha University (Taunggyi) Sayadaw Dr Bhaddanta Dhammasami (Oxford Sayadaw) attended the 8th Buddhist Summit held in Kato City of Japan, according to the Ministry of Foreign Affairs.

The summit was organized by the Nenbutsushu Sampozan Muryojuji Temple in Kato City of Japan from 13 to 15 September. The opening of the summit was joined by venerable Sayadaws from 32 counties, Buddhist organizations, officials from UN agencies, Ambassadors of Japan-based foreign missions and embassy staff.

Likewise, Myanmar Ambassador to Japan U Soe Han and officials of the Ministry of Religious Affairs and Culture attended the opening ceremony at the Royal Grand Hall of Buddhism in Japan on 14 September.

ASH

# Three border trade posts carry out maximum amount of trade from April to the end of August in 2023-2024 FY

**Nay Pyi Taw September 21**

Among all border trade posts of Myanmar, the largest trading volume was achieved from the border trade posts of Htikhee, Muse and Myawady from April to the end of August in 2023-2024 FY, according to reports from the Ministry of Commerce.

Myanmar is carrying out border trade activities with neighboring countries through border trade posts and border trade zones.

During the five-month period, there was no border trade at the Mese border trade post in the Myanmar-Thailand border area and the Reed border trade post in the Myanmar-India border area.

Previously, the maximum amount of trade was carried out from the Muse border trade zone in the Myanmar-China border area and the Myawady border trade zone in the Myanmar-Thailand border area but the Htikhee border trade post in the Myanmar-Thailand border area can handle more trade than the other large border trade zones.


Muse (105th Mile) border trade zone.

336

# Salt produced by Mon State gets good price in domestic market in 2023

**Mawlamyine September 21**

Salt produced by Mon State fetches good prices in domestic market of the 2023 salt farming season, said deputy director U Khin Win of the Salt Department (Mon State) of the Mining Department.

More than 4,200 acres of salt farms are being operated in Mon State by 40 salt farmers. In March and April, the state can produce the largest volume of salt. Salt farming tasks commence from September to May.

"Mon State could meet the target of salt production in 2023. Each salt farm can produce some 500 tons of salt per year. But, sizes of salt farm are different. This year, salt farmers can get good profit," said U Khin Win.

In early June this year, coarse salt fetched K145 per viss and July K170-180 per viss. But the price of salt rose to K185 per viss, As from the second week of September, coarse salt fetched K220 per viss.

In 2021, rains destroyed the salt farms, declining production. Moreover, price of coarse salt went down at K50 per viss. The whole state produced a half of previous year, fetching K350 per viss.

Salt farming tasks are being carried out in Panga and Karoppi villages of Thabyuzayat Township, Kyaikkhami and Setse, Htanpinchaung Vilage of Paung Township and Palaingkee Village in Ye Township and Bilin Township. Salt from Mon State can be distributed in the region and surplus is distributed to Mandalay, Yangon and Tanintháyi regions.

Moreover, coarse salt are being produced as finished salt to be sent to Mandalay Region and then to Sagaing Region, Chin and Kachin States.

ASH

# Google accused of directing motorist to drive off collapsed bridge

**New York September 21**

The family of a US man who drowned after driving off a collapsed bridge are claiming that he died because Google failed to update its maps.

Philip Paxson's family are suing the company over his death, alleging that Google negligently failed to show the bridge had fallen nine years earlier.

Mr Paxson died in September 2022 after attempting to drive over the damaged bridge in Hickory, North Carolina.

A spokesperson for Google said the company was reviewing the allegations.

The case was filed in civil court in Wake County on Tuesday.

Mr Paxson, a father of two, was driving home from his daughter's ninth birthday party at a friend's house and was in an unfamiliar neighbourhood at the time of his death, according to the family's lawsuit.

His wife had driven his two daughters home earlier, and he stayed behind to help clean up.

"Unfamiliar with local roads, he relied on Google Maps, expecting it would safely direct him home to his wife and daughters," lawyers for the family said in a statement announcing the lawsuit.

"Tragically, as he drove cautiously in the darkness and rain, he unsuspectingly followed Google's outdated directions to what his family later learned for nearly a decade was called the 'Bridge to Nowhere,' crashing into Snow Creek, where he drowned."

BBC

# India suspends visas for Canadians as row escalates

**Cochin September 21**

India has stopped issuing visas to Canadian citizens amid an escalating row over the killing of a Sikh separatist on Canadian soil.

India said the temporary move was due to "security threats" disrupting work at its missions in Canada. Canada's visa services remain open in India.

Tensions flared this week after Canada's leader said India may have been involved in the 18 June killing.

India angrily rejected the allegation calling it "absurd".

Relations between the countries - key trade and security partners and US allies - have been strained for months. Analysts say they are now at an all-time low.

India's government swiftly made clear the suspension of visa services "applies to Canadians in a third country".

"There have been threats made to our high commission [embassy] and consulates in Canada," a foreign affairs ministry spokesman in Delhi said. "This has disrupted their normal functioning. Accordingly [they] are temporarily unable to process visa applications."

He said: "India is looking for parity in rank and diplomatic strength between the diplomatic missions of the two countries. This is being sought because of Canadian diplomatic interference in our internal affairs."

BBC


Canadian PM Justin Trudeau (left) had a difficult meeting with Indian PM Narendra Modi in Delhi this month.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Raytheon ကုမ္ပဏီ၏ စွမ်းအားမြင့်လေဆာလက်နက်စနစ်ကို တပ်ဖြန့်ရန် ဗြိတိန်ပြင်ဆင်နေ



ဗြိတိန်နိုင်ငံရှိ Raytheon ကုမ္ပဏီသည် ပထမဆုံးစွမ်းအားမြင့် လေဆာလက်နက်စနစ်ကို တပ်ဖြန့်ရန်ပြင်ဆင်နေကြောင်း www.armyrecogni-tion. Com သတင်းဌာနက စက်တင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Raytheon ကုမ္ပဏီ၏ ၁၅ ကီလိုဝပ်ထွက်ရှိသော လေဆာလက်နက်စနစ်သည် အဓိကအားဖြင့် ဒရုန်းများ၏ခြိမ်းခြောက်မှုအန္တရာယ်များကိုတန်ပြန်ရန် အဓိကရည်ရွယ်၍ တီထွင်ထုတ်လုပ်ထားသည်။ ၎င်းသည် ဗြိတိန်နိုင်ငံထုတ် Wolfhound သံချပ်ကာယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုရန်အတွက် ၂၀၂၂ ခုနှစ်တွင် Raytheon ကုမ္ပဏီနှင့် ဗြိတိန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနတို့ စာချုပ် ချုပ်ဆိုခဲ့သည်။

လက်နက်နှင့် အာရုံခံကိရိယာများ၏ အရေးပါမှုကို ဒရုန်းများမှ ရှုပ်ထွေးသော ဒုံးကျည်စနစ်များထိ ခြိမ်းခြောက်မှုအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းရန် တိုက်ရိုက်စွမ်းအင်အသုံးပြုခြင်းအတွက် ကျွန်ုပ်တို့၏ MoD နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်သည်ဟု Raytheon ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ Julie Finlayson-Odell က ပြောကြားခဲ့သည်။

ဤစနစ်သည် ဆယ်စုနှစ်များစွာရင်းနှီးမြှုပ်နှံမှု၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှု၏ အထွတ်အထိပ်တစ်ခုဖြစ်ပြီး လေဆာလက်နက်စနစ် အသုံးပြုလာနိုင်မှုသည် ဗြိတိန်စစ်ဘက်မှ တိုက်ရိုက်စွမ်းအင်သုံးလက်နက်များကို လက်နက်ကိုင်တပ်ဖွဲ့များ၏ အခြားအစိတ်အပိုင်းများနှင့်အတူ ဘေးကင်းလုံခြုံပြီး ထိရောက်စွာလုပ်ဆောင်နိုင်ပုံကို သိနားလည်နိုင်ရေးအတွက် ပေါင်းစပ်သုံးသပ်ချက်များ၏ အဓိက မဟာဗျူဟာရည်မှန်းချက်ကို ဖြည့်ဆည်းပေးရန် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ထင်ဟပ်စေသည်ဟု Julie Finlayson-Odell က ထည့်သွင်းပြောကြားခဲ့သည်။

စွမ်းအားမြင့် လေဆာလက်နက်စနစ်သည် ပူလွန်းခြင်း၊ အေးလွန်းခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆီးနှင်းများ လွှမ်းခြုံထားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်စေသော ရာသီဥတုအခြေအနေများအောက်တွင် စစ်မြေပြင်စမ်းသပ်မှု အများအပြား၌ တိုက်ပွဲဝင်နိုင်စွမ်းကို ပြသနိုင်ခဲ့သည်။

ယခုနှစ်အစောပိုင်းက အမေရိကန်တွင် လေးရက်ကြာပြုလုပ်ခဲ့သည့် Live-Fire ပစ်ခတ်လေ့ကျင့်မှုအတွင်း၊ တာတိုပစ်တိုက်ခိုက်မှုများ ၊ အစုလိုက်အပြုံလိုက် တိုက်ခိုက်မှုများနှင့် တာဝေးခြိမ်းခြောက်မှုများအပါအဝင် အမျိုးမျိုးသောအခြေအနေများ၌ ဒရုန်းများကိုထောက်လှမ်းခြင်း၊ ခြေရာခံခြင်း၊ အောင်မြင်စွာတိုက်ခိုက်ဖျက်ဆီးခြင်းတို့ကို သက်သေပြနိုင်ခဲ့သည်။

စစ်ဘက်ဆိုင်ရာနှင့်အရေးကြီးအခြေခံအဆောက်အအုံများကို အကာအကွယ်ပေးနိုင်သည့်အပြင် ခြိမ်းခြောက်မှုများကို လျင်မြန်စွာတန်ပြန်ရန်အတွက် စရိတ်သက်သာပြီး လက်တွေ့ကျသော ရွေးချယ်မှုတစ်ခုဖြစ်သည်။ စွမ်းအားမြင့်လေဆာလက်နက်စနစ်သည် ကျည်အရေအတွက် အကန့်အသတ်မရှိသည့်အတွက် ပစ်ခတ်တိုက်ခိုက်မှုအကြိမ်များစွာပြုလုပ်နိုင်သည်။

ပြိုင်ဘက်ကင်းတိကျမှု၊ ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြင့် သမားရိုးကျခဲယမ်းများ အသုံးပြုတိုက်ပွဲဝင်မှုထက် များစွာစရိတ်စက သက်သာသည်။

Raytheon ကုမ္ပဏီသည် အမေရိကန်တွင် စွမ်းအားမြင့်လေဆာလက်နက်ရှစ်စုံကို အမေရိကန်စစ်ဘက်ထံ ပို့ဆောင်ပေးနိုင်ခဲ့သည့် အောင်မြင်မှုများအပေါ် အခြေခံ၍ အချိန်မြင့်လုပ်ဆောင်နိုင်ရန် အသုံးချကြိုးပမ်းလျက်ရှိသည်။ ဤစနစ်များသည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်မှု နာရီပေါင်း ၂၅၀၀၀ ကျော်အတွင်း ပစ်မှတ် ၄၀၀ ကျော်ကို ပစ်ချဖျက်ဆီးနိုင်ခဲ့သည့် အထင်ကြီးစရာကောင်းသော မှတ်တမ်းတစ်ခုရှိသည်ဟု သိရသည်။

Raytheon ကုမ္ပဏီအနေဖြင့် စိတ်ကြိုက်ပြင်ဆင်ဖွဲ့စည်းနိုင်သော လက်နက်စနစ်များကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်စေရန် နောက်ဆုံးပေါ်နည်းပညာများကို အသုံးချထုတ်လုပ်ပေးလျက်ရှိသည်။ စစ်ဘက်နှင့် အရပ်ဘက်ဖောက်သည်နိုင်ငံများထံ ရှုပ်ထွေးနက်နဲသော ဒရုန်းစနစ်ခြိမ်းခြောက်မှုများကို တိုက်ဖျက်နိုင်သည့် စနစ်များပံ့ပိုးနိုင်ရန် ကြိုးပမ်းနေခြင်းလည်းဖြစ်သည်။

Raytheon ကုမ္ပဏီသည် စွမ်းဆောင်ရည်မြင့်မားသော အာရုံခံကိရိယာများနှင့် ကုန်ကျစရိတ်သက်သာသော Kinetic နှင့် Non-Kinetic Effectors များကို ပေါင်းစပ်ထားပြီး ခြိမ်းခြောက်မှုလျော့ပါးစေရန် ထိရောက်မှုကို မြှင့်တင်ပေးပြီး ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုများအပေါ် အံဝင်ခွင်ကျရှိသော တုံ့ပြန်မှုစနစ်များကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။

**Raytheon UK set to receive and integrate UK's first air defense laser weapon system in October ကိုဘာသာပြန်ဆိုထားပါသည်။**

## Kamikaze ဒရုန်းအသစ်ကို ယူကရိန်းအထူးစစ်ဆင်ရေးဇုန်တွင်စမ်းသပ်ရန် NPO ကုမ္ပဏီက ရုရှားထံပေးအပ်

ယူကရိန်း အထူးစစ်ဆင်ရေးဇုန်တွင် ခေါက်တောင်ပံများပါသည့် Kamikaze ဒရုန်းအသစ်ကို စမ်းသပ်ရန်အတွက် ရုရှားစစ်ဘက်ထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း NPO Android Technics ကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာ Evgeny Du-durov က ပြောကြားခဲ့သည်ဟု sputnik-globe.com news သတင်းဌာနတွင် စက်တင်ဘာ ၁၈ ရက်က ရေးသားဖော်ပြထားသည်။

ရုရှားစစ်ဘက်သည် အထူးစစ်ဆင်ရေးဇုန်အတွင်း Kamikaze ဒရုန်းများကို ကျွမ်းကျင်စွာအသုံးပြုကာ အသေအပျောက်မရှိဘဲ လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင်မြင်စေခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ နေ့စဉ်ထုတ်ပြန်ချက်များအရ သိရသည်။

ကျွန်တော်တို့အဖွဲ့က Kamikaze ဒရုန်း အမျိုးအစား BAS-80 ဒရုန်းတချို့ကို ရုရှားနိုင်ငံ Tsar's Wolves တပ်မဟာသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး လုပ်ဖော်ကိုင်ဖက်များအနေဖြင့် ၎င်းတို့ကိုတိုက်ပွဲဝင်စမ်းသပ်ခြင်းများတွင် အကောင်းဆုံးနည်းလမ်းများ ရှာဖွေနိုင်ရန်နှင့်လုပ်ဆောင်နိုင်မှုအခြေအနေပေါ် မူတည်၍ မည်သည့်အစိတ်အပိုင်းများကို တပ်ဆင်ရန်ပိုကောင်းမည်ကို အကြံပြုထားသည်ဟု Evgeny Dudurov က ပြောကြားခဲ့သည်။

ပေါင်းစပ်ပစ္စည်းများ(ဒရုန်းကို ကာဗွန်သို့မဟုတ် ဖိုက်ဘာမှန်သတ္တုပစ္စည်းများဖြင့် ပြုလုပ်ထား)သည် BAS-80 တိုက်ခိုက်ရေးဒရုန်းကိုတတ်နိုင်သမျှပေါ့ပါးပြီး ကျစ်လျစ်စွာ တည်ဆောက်ထားကြောင်း Dudorov က မှတ်ချက်ပြုခဲ့သည်။

ဒရုန်း၏အလေးချိန်မှာ ၁ ဒသမ ၇ ကီလိုဂရမ်ရှိပြီး ခေါက်နိုင်သည့်တောင်ပံပါရှိသောကြောင့် အော်ပရေတာသယ်ဆောင်သည့်ပြွန်ထဲတွင် သိမ်းဆည်းထားနိုင်ကြောင်း သိရသည်။

BAS-80 ဒရုန်းကို Powder Charge တွန်းကန်အားစနစ်ဖြင့် လွှတ်တင်ခဲ့ပြီး အလေးချိန် ကီလိုဂရမ် ၅၀၀ ရှိကာနှစ်ကီလိုဂရမ်ထိ တိုးမြှင့်ထုတ်လုပ်နိုင်ခြေရှိပြီး သံချပ်ကာယာဉ် အမျိုးအစားများကို တိုက်ခိုက်နိုင်စွမ်းရှိသည်။

အေဂျင်စီ၏ပြောကြားချက်အရ Ka-mikaze ဒရုန်းကို စမ်းသပ်မှုများကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ စမ်းသပ်မှုအတွင်း BAS-80 သည် အမြင့်ဆုံးမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၃၀ ၊ ပျံသန်းမှုအမြင့် မီတာ ၂၀၀ နှင့် အကွာအဝေး ကီလိုမီတာ ၃၀ ထိပျံသန်းတိုက်ပွဲဝင်နိုင်စွမ်းကိုပြသနိုင်ခဲ့ကြောင်း သိရသည်။



Android Technology သည် ရုရှားနိုင်ငံ Royal Wolves တပ်မဟာအဖွဲ့နှင့် ယူကရိန်းအထူးစစ်ဆင်ရေးတွင် အချိန်အတော်ကြာ ပူးပေါင်းလုပ်ဆောင်ခဲ့သည်။

၎င်းတို့သည် အထူးစစ်ဆင်ရေးဇုန်ရှိ Marker စက်ရုပ်တိုက်ခိုက်ရေး ဒရုန်းများကို ယခင်ကလည်း ပူးတွဲစမ်းသပ်ခဲ့ဖူးကြောင်း သိရသည်။

**Russian Forces to Test New Composite Kamikaze Drone in Special Op Zone ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၃၄၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၃၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၃၅၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၃၃၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စပါးဧက ၉၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ မိုးစပါး စိုက်ပျိုးမှုက လက်ရှိအချိန်မှာ လျာထားဧကထက် တိုးစိုက်ပျိုးနိုင်တယ်။ မနှစ်ကလဲ မိုးစပါးဧက ၉၀၇၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ မိုးစပါးဧက ၉၁၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက တန့်ဆည်မြို့နယ်တွင် စပါး ၉၀၇၁၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ မိုးစပါး ၉၁၃၅၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးစပါး စိုက်တောင်သူများအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မန်တုံမြို့နယ် အူဆပ်ကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မန်တုံ စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်တုံမြို့နယ် အူဆပ်ကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသဦးစီးမှူး ဦးသိန်းမောင်ထွေး၊ မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းအောင်ကျော်လှိုင်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၃၉ ဒသမ ၅၂ သန်းဖြင့် ဆောင်ရွက်သည့် အူဆပ်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို စစ်ဆေးကြပြီး ဒေသဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



မန်တုံမြို့နယ် အူဆပ်ကျေးရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများဖြစ်သည့် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေပိုက်လိုင်းအရှည် နှစ်မိုင်သွယ်ယူခြင်း၊ ရေတားတမံတည်ဆောက်ခြင်း၊ ဂါလန် ၃၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ အိမ်တိုင်ရေတိုင်စနစ်တည်ဆောက်ခြင်း လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုကြောင့် အူဆပ်ကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေများ အဆင်ပြေလွယ်ကူစွာ ရရှိတော့မည်ဖြစ်ကြောင်း မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# စလင်းမြို့နယ် တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေး

**စလင်း စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေး လုပ်ငန်းများဆောင်ရွက်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆွေဇင်လှိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ စီမံကိန်း အသင်းဝင်ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တောင်ကန်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တောင်ကန်ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ နှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၉-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်း (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၈၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀) ပြည့်မြောက်သော အထိမ်းအမှတ်အခါသမယ၌ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀) ပြည့်မြောက်သော အထိမ်းအမှတ်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာ တို့အကြား၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး (၂) ဒါတိုဆရီ ဆတီယာဟာဂျီ အယ်ရီဝမ်ဘင် ပီဟင် ဒါတူ ပီကာမာဂျာရာ ဟာဂျီ မိုဟာမက် ယူဆွတ်တို့ အကြား ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀) ပြည့်အထိမ်းအမှတ် အခါသမယတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာရာ ဟာဂျီ မိုဟာမက် ယူဆွတ်ထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင်ကျရောက်သော မြန်မာနိုင်ငံနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀) ပြည့်မြောက်သည့်အထိမ်းအမှတ်တွင် အဆွေတော်အား နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် ၁၉၉၃ ခုနှစ် သံတမန်အဆက်အသွယ် စတင်ထူထောင်ချိန်မှစ၍ ထားရှိခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်အမြဲ အလေးထားလျက်ရှိပါသည်။ နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်သည့် နှစ်(၃၀) ပြည့်မြောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးနှင့် နှစ်နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားဆောင်ရွက်ရန် နှစ်နိုင်ငံအကြားသာမက အာဆီယံအပါအဝင် နိုင်ငံတကာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့အတွက် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်စေသည်ဟု မိမိအနေဖြင့် အမှန်တကယ်ယုံကြည်ပါသည်။

အဆွေတော် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်းနှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံပြည်သူများ အစွန့်ရှည်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀)ပြည့်အထိမ်းအမှတ် အခါသမယတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) ဒါတို ဆရီ ဆတီယာ ဟာဂျီ အယ်ရီဝမ် ဘင် ပီဟင် ဒါတူ ပီကာမာ ဂျာရာ ဟာဂျီ မိုဟာမက် ယူဆွတ်ထံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

မိမိတို့နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ်ထူထောင်မှု နှစ်(၃၀) ပြည့်မြောက်သည့်အထိမ်းအမှတ်တွင် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အကျိုးတူကဏ္ဍများ၌ နွေးထွေးရှည်ကြာသည့်ဆက်ဆံရေးများ ရှိကြပါသည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ဒေသတွင်း အစွန့်ရှည်သည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးကိုဦးတည်သော အာဆီယံမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားနိုင်ရန် မျှော်လင့်ပါသည်။

အဆွေတော်အား ချစ်ကြည်အလေးထားလျက်ရှိကြောင်းဖော်ပြလျက် အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းများပို့သအပ်ပါသည်။

ရှေ့ဖုံးမှအဆက်

နှစ်နိုင်ငံဆက်ဆံရေးတွင် ကဏ္ဍသစ်ဖွင့်လှစ်နိုင်ခဲ့သည့်နည်းတူ မိမိတို့၏ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို နှစ်နိုင်ငံနှင့် ပြည်သူများ၏ ကဏ္ဍစုံအကျိုးစီးပွား အပြန်အလှန်ဖြစ်ထွန်းရေးအတွက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော်ဘုရင်မင်းမြတ် ကျန်းမာရွှင်လန်းပါစေရန်နှင့် ဘရူနိုင်းနိုင်ငံနှင့်ပြည်သူများ အစွန့်ရှည်သာယာဝပြောပါစေကြောင်း နွေးထွေးသော ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

# ၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးနှင့် မြို့နယ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၁**

၂၀၂၃ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးနှင့် မြို့နယ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အနယ်နယ်အရပ်ရပ်မှ ပင်ကိုဗီဇကောင်းမွန်သော ရွှက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရန်၊ မိမိဝါသနာပါရာ အားကစားနည်းတစ်ခုခုကို လေ့လာလိုက်စားခြင်းဖြင့် ကောင်းမွန်သော အခြေခံစိတ်ဓာတ်များ ရရှိပွားများလာစေရန်၊ ကျန်းမာကြံ့ခိုင်သော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန်၊ ဒေသတွင်း အားကစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထူးချွန်ထက်မြက်သော လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်စည်းကမ်းများအတိုင်း လိုက်နာယှဉ်ပြိုင် ကစားသွားကြရန် ပြောကြားကာ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက်ကာ အားကစားပစ္စည်းများပေးအပ်၍ ချမ်းအေးသာစံမြို့နယ်နှင့် တံတားဦးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲများကို စက်တင်ဘာ ၂၆ ရက်ထိ နေ့စဉ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# စက်တင်ဘာ ၂၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ စတင်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၅၈၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၁ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်နေရာချထားရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကဏ္ဍတို့တွင် ကာတာနိုင်ငံအနေဖြင့် ကူညီပံ့ပိုးပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလာမှုအခြေအနေတို့ကို ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံ၊ သံအမတ် Dr. Rashid Abdulla AL-Kuwari ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံ၊ သံအမတ် Dr. Rashid Abdulla AL-Kuwari တို့သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်နေရာချထားရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကဏ္ဍတို့တွင် ကာတာနိုင်ငံအနေဖြင့် ကူညီပံ့ပိုးပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းလာမှုအခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကာတာသံရုံးမှ သံရုံးယာယီတာဝန်ခံ၊ သံအမတ် Dr. Rashid Abdulla AL-Kuwari ကို လက်ခံတွေ့ဆုံစဉ်။**



# (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ထွက်ခွာ



**ရန်ကုန် စက်တင်ဘာ ၂၁**

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ကျင်းပမည့်(၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးနှင့် အကြိမ်(၂၀)မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (16th ASEAN Ministers' Responsible for Information and its related Meetings) (16th AMRI)သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီ ၃၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သို့ ထွက်ခွာကြောင်း သိရသည်။

အဆိုပါ (၁၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို စက်တင်ဘာ ၂၂ ရက်မှ ၂၃ ရက်ထိ ကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်ထိ ကြိုတင်ကျင်းပလျက်ရှိသည့် အကြိမ်(၂၀)မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့်ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်လျက်ရှိပြီး ၎င်းအစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ ပြန်ကြားရေးဆိုင်ရာဝန်ကြီးအဆင့် တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် တိကျစွာတိုင်းတာခြင်းနည်းပညာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန အမျိုးသား စံချိန်စံညွှန်းနှင့် အရည်အသွေးဌာန တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(မြန်မာ)ကကြီးမှူး၍ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် တိကျစွာတိုင်းတာခြင်းနည်းပညာဆွေးနွေးပွဲ(China-Myanmar Cooperation Symposium on Metrology) ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI ဒုတိယဥက္ကဋ္ဌ၊ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(တရုတ်)၊ တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(ကွမ်ရှီး)နှင့် တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ (မြန်မာ)တို့မှ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ စက်ရုံအလုပ်ရုံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် တိကျစွာတိုင်းတာခြင်းနည်းပညာသိပ္ပံ(မြန်မာ)၏ စံကိုက်ညှိမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများကို ဆွေးနွေးကြပြီး တရုတ်ကျွမ်းကျင်ပညာရှင်များက မြန်မာ-တရုတ် ပူးတွဲသုတေသနလုပ်ငန်းများ၊ အလျားတိုင်းတာခြင်းဆိုင်ရာ တိကျစွာတိုင်းတာခြင်းနည်းပညာ (Dimensional Metrology)၊ အပူချိန်တိုင်းတာခြင်းဆိုင်ရာ တိကျစွာတိုင်းတာခြင်းနည်းပညာ (Temperature Metrology)တို့ကို အသိပညာပေးဆွေးနွေးသည်။ ယင်းနောက် လုပ်ငန်းရှင်များက စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် တိုင်းတာခြင်းဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး တိကျစွာတိုင်းတာခြင်းနည်းပညာဖြင့် စက်မှုလက်မှုလုပ်ငန်းများသို့ ပံ့ပိုးနိုင်မည့် နည်းလမ်းများခေါင်းစဉ်ဖြင့် Stakeholder များနှင့် စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ရောက်ရှိပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကို နိုင်ငံတကာအဆင့်မီ သုတေသနအခြေပြု တက္ကသိုလ်ကြီးတစ်ခု




ဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး၊ တက္ကသိုလ်၏ သင်ကြားသင်ယူဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သုတေသနဆောင်ရွက်နေမှုများ၊ ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ မွမ်းမံသင်တန်းများ ပို့ချနေမှုများ၊ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်၏ဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများဖြစ်ပေါ်စေရေးတို့ကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယားနိုင်ငံ Electronics and Telecommunications Research Institute(ERTI)အဖွဲ့အစည်းနှင့် ပူးပေါင်း၍ Robotics Programming Knowledge Sharing Seminar ကို ကြည့်ရှုအားပေးပြီး တက္ကသိုလ်ရှိ စာကြည့်တိုက်၊ သုတေသနဆောင်ရွက်နေမှု၊ အခြေခံအဆောက်အအုံများနှင့် အသစ်ဆောက်လုပ်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး (Regional Director) ဖြစ်သူ Mr. Sanjay Mathur နှင့်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)တို့ကြား လက်ရှိဆောင်ရွက်နေသည့်ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားလွှတ်တော်ရှေ့နေများကောင်စီအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄) ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

တရားလွှတ်တော် ရှေ့နေများကောင်စီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တရားလွှတ်တော်ရှေ့နေများကောင်စီရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦး၊ တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေ့နေကျင့်ဝတ်ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေများအပေါ် တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ-၁၀(၁)အရ ထိုက်သင့်သည့် အရေးယူမှုပြုလုပ်ရန် သင့်၊ မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သဘောထားတောင်းခံသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့်ကိစ္စ၊ ၁၉၅၄ ခုနှစ် တရားလွှတ်တော်ရှေ့နေများအဖြစ် ဝင်ခွင့်နည်းဥပဒေများကို ပြင်ဆင်ဖြည့်စွက်ရန်ကိစ္စ၊ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ (Insolvency Practitioner)များအဖြစ် တာဝန်ပေးအပ်ရန် တရားလွှတ်တော်ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်သည့် လုပ်သက်သတ်မှတ်နိုင်ရေးကိစ္စ၊ မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်နေရာကို စိတ်ပါဝင်စားသည့် တရားလွှတ်တော်ရှေ့နေများ လျှောက်ထားနိုင်ကြောင်း အသိပေးနှိုးဆော်မည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများ သိရှိလိုက်နာရန် တရားလွှတ်တော်ရှေ့နေများကောင်စီက ထုတ်ပြန်သည့် ကြေညာချက်များ၊ အမိန့်ကြော်ငြာစာများကို ဥပဒေရေးရာဝန်ကြီးဌာန Website www.mola.gov.mm(ဘားကောင်စီ)ကဏ္ဍတွင် ထည့်သွင်းဖော်ပြရန်ကိစ္စနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီရုံး အဆောက်အအုံနှင့် မြေနေရာလျှောက်ထားသည့်ကိစ္စများကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# ဥပဒေကအပ်နှင်းထားသည့် အခွင့်အာဏာထက် ကျော်လွန်ဆောင်ရွက်ခြင်းမပြုရန်နှင့် အလုပ်ရှင်၊ အလုပ်သမားအကြား ဘက်လိုက်မှုမရှိဘဲ အားကိုးအားထားပြုရသည့်အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေး လိုက်နာဆောင်ရွက်




**ရန်ကုန် စက်တင်ဘာ ၂၁**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် အလုပ်ရှင်၊ အလုပ်သမားဆိုင်ရာ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းရန် ဖွဲ့စည်းထားသည့် ခုံသမာဓိကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီတွင် ကနဦးဖြေရှင်း၍ ပြေလည်မှုများ ရရှိနေမှုကြောင့် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှုကို များစွာအထောက်အကူဖြစ်စေကြောင်း၊ ပြေငြိမ်းမှုမရသည့် အငြင်းပွားမှုများကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဖြင့် ဖြစ်စေ၊ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးရမည့် ကိစ္စရပ်များအတွက် အထူးညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ (မြို့နယ်ပေါင်းစပ်အဖွဲ့)တို့ဖြင့် ဖြစ်စေ ဖြေရှင်းပေးလျက်ရှိကြောင်း။

ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ အနေဖြင့် သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ နှစ်ဖက်ခေါ်ယူ၍ ဖျန်ဖြေပေးရာတွင် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများကိုသာ ညှိနှိုင်းဖျန်ဖြေပေးရန်လိုပြီး အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုများကို သက်ဆိုင်ရာဦးစီးဌာနများက ဖြေရှင်းပေးလျက်ရှိကြောင်း၊ ခုံသမာဓိအဖွဲ့အနေဖြင့် သက်ဆိုင်ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က တင်ပြလာသည့် အငြင်းပွားမှုများကို အဖွဲ့ဝင်များအနေဖြင့် အကျေအလည်ညှိနှိုင်းဆွေးနွေးပြီး အလုပ်ရှင်နှင့် အလုပ်သမားများ၏ အကျိုးကို တရားမျှတမှန်ကန်စွာ ကြားနာစစ်ဆေးရမည်ဖြစ်ကြောင်း၊ ဥပဒေက အပ်နှင်းထားသည့် အခွင့်အာဏာထက် ကျော်လွန်ဆောင်ရွက်ခြင်းမပြုရန်နှင့် အလုပ်သမားများရသင့်ရထိုက်သည့် အခွင့်အရေးများရရှိစေရန် အလုပ်ရှင်၊ အလုပ်သမားအကြား ဘက်လိုက်မှုမရှိဘဲ အားကိုးအားထားပြုရသည့်အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေး လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ကြားနာစစ်ဆေးရန် အကျုံးမဝင်သည့် အငြင်းပွားမှုများကို သက်ဆိုင်ရာ သီးခြားဥပဒေဖြင့် စိစစ်ဖြေရှင်းနိုင်ရေး အလုပ်ရှင်၊ အလုပ်သမားများကို ရှင်းလင်းပြောကြားထားရန်လိုကြောင်း။

ခုံသမာဓိကောင်စီအဖွဲ့ဝင် အနေဖြင့် ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် တင်သွင်းသည့်လျှောက်ထားလွှာများကို လက်ခံရရှိသည်နှင့် ခုံအဖွဲ့ဖွဲ့စည်း၍ ကြားနာစစ်ဆေးရာတွင် စစ်ဆေးချက်များ၊ သက်သေခံခြင်းများအပေါ် အခြေခံပြီး လွတ်လပ်စွာဖြင့် အလုပ်ရှင်နှင့် အလုပ်သမားတို့အတွက် မျှတသောဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ကြောင်း၊ ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်များသည် တိုင်းဒေသကြီး၊ ပြည်နယ် ခုံသမာဓိအဖွဲ့ဝင်များက အကိုးအကားပြုလေ့လာရမည့် ဆုံးဖြတ်ချက်သာဓကများဖြစ်ရမည့်အပြင် ခုံသမာဓိကောင်စီသည် အလုပ်ရှင်၊ အလုပ်သမားများအတွက် အားကိုးအားထားပြုရသည့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း။

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)တွင် ဆွေးနွေးညှိနှိုင်းမှု အားကောင်းခြင်းဖြင့် အငြင်းပွားမှုများကို လျော့ကျစေနိုင်သဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် (WCC) တိုးမြှင့်ဖွဲ့စည်းရေး သက်ဆိုင်ရာဦးစီးဌာနက ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖျန်ဖြေရေးအရာထမ်းများအနေဖြင့် အငြင်းပွားမှုဖြစ်ပွားသည့် အခြေခံအကြောင်းရင်းများ၊ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်သည့် စက်ရုံများ၏ အလေ့အထများနှင့် အငြင်းပွားမှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရန် နည်းလမ်းများကို အလုပ်ရှင်နှင့် အလုပ်သမားများကို အသိပညာပေးဆွေးနွေးခြင်း၊ တစ်ဦးချင်း ညှိနှိုင်းဖျန်ဖြေမှုစွမ်းဆောင်ရည် မြင့်မားလာစေရန် အရာထမ်းအချင်းချင်း အတွေ့အကြုံများအပြန်အလှန်ဆွေးနွေးဖလှယ် ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၁**

ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ဓမ္မာရုံ၌ ပြုလုပ်ရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ သစ္စာမေတ္တာကမ္မဋ္ဌာန်းကျောင်း ဆရာတော် အဂ္ဂမဟာဓမ္မကထိက အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာ့ဗုဒ္ဓဂုဏ်ရည်ထူးချွန်ဘွဲ့ရ ဘဒ္ဒန္တခေမာနန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သစ္စာမေတ္တာကမ္မဋ္ဌာန်းကျောင်း ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ကဿဖကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒက ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ရန် တိုက်တွန်းနှိုးဆော်ဖတ်ကြားခြင်းနှင့် သံဃာတော်များ၊ ဧည့်ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသကို သံပြိုင်ရွတ်ဆို ပူဇော်ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၂၇ ရက်ထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပပြုလုပ်စဉ်။

# မြစ်ကြီးနားမြို့၊ လားရှိုးမြို့နှင့် မြိတ်မြို့တို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များ အား အရှေ့မြောက် တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေး အဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက် ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ရှိမြို့နယ်များမှ သံဃာတော်များ၊သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၅၈ ပါးတို့ကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဝေဠုဝန်ကျောင်းတိုက်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက်ရှိ ကန်မိန်းဘုန်းတော်ကြီးကျောင်းမှ သံဃာတော် ၂၄၂ ပါးနှင့် ဒေသခံပြည်သူ ၁၅ ဦးတို့ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါဘုန်းတော်ကြီးကျောင်း၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (ကွဲကူး)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅၇ ဦးတို့ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌လည်းကောင်း အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့ပြင် ဆေးကုသရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများနှင့် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# (၄၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲ ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၁**

(၄၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအားကစားခန်းမ၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဆုပေးပွဲကိုပြုလုပ်ရာ ပြိုင်ပွဲအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်အဖွဲ့ဝင်များကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုအား ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ (၄၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တုရင်ပြိုင်ပွဲကို အားကစားနည်း သုံးမျိုးနှင့်ပြိုင်ပွဲဝင် အသင်း ၁၆ သင်းတို့ဖြင့် စက်တင်ဘာ ၁၁ ရက်မှ ၂၀ ရက်ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ပြုလုပ်




**နေပြည်တော် စက်တင်ဘာ ၂၁**

၂၀၂၃ ခုနှစ် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် မင်းမင်္ဂလာအားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန်းမြို့လူငယ်(က)အသင်းနှင့် MANDALAR (FC) အသင်းတို့၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဆုဖလားရရှိသော အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း နှစ်သင်း၊ မန္တလေးမြို့ပေါ်ရှိ ဘောလုံးကလပ်အသင်း ရှစ်သင်းစုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ဖြင့် စက်တင်ဘာ ၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ဆုဖလားရရှိသော အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

# ကမ်းခြေများရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်ရုံများပိတ်သိမ်းနိုင်ရေး ရင်းနှီးမြှုပ်နှံသွားမည်ဟု နယူးယောက်မြို့တော်ဝန်ဟောင်း မိုက်ကယ်ဘလွန်းဘတ် ပြောကြား



**ဝါရှင်တန် စက်တင်ဘာ ၂၁**

အမေရိကန်နိုင်ငံ၏ စွမ်းအင်ကဏ္ဍ ပြောင်းလဲရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကမ်းခြေများရှိ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်ရုံများကို ပိတ်သိမ်းနိုင်ရေး ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည်ဟု နယူးယောက်မြို့တော်ဝန်ဟောင်း မိုက်ကယ်ဘလွန်းဘတ်က ပြောကြားခဲ့ကြောင်း သိရသည်။

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုနှုန်း မြင့်မားသည့် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်ရုံများကိုပိတ်သိမ်းနိုင်မှသာ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေး ရည်မှန်းချက်ကိုလည်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ကျောက်မီးသွေး လောင်စာဖြင့် လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုကို အပြီးသတ်ရပ်ဆိုင်းနိုင်ရေးအတွက် စွမ်းအင်အပြောင်းအလဲကဏ္ဍကို အကောင်အထည်ဖော်မည်ဖြစ်သကဲ့သို့ အမေရိကန်ဒေါ်လာသန်း ၅၀၀ ထိ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မိုက်ကယ်ဘလွန်းဘတ်က ပြောကြားခဲ့သည်။

"တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုကို ရပ်ဆိုင်းသွားဖို့အတွက် ကုမ္ပဏီတွေကြား ပူးပေါင်းဆောင်ရွက်သွားနိုင်ဖို့ စီစဉ်နေပါတယ်။ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်ကို ရောက်ရှိဖို့အတွက် ရုပ်ကြွင်းလောင်စာနေရာမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍကို အစားထိုးဖို့လိုအပ်ပါတယ်"ဟု မိုက်ကယ်ဘလွန်းဘတ်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင် လက်ရှိ ကျောက်မီးသွေး လောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစက်ရုံ ၁၅၀ ကျော်ထိရှိနေသဖြင့် ကာဗွန်ထုတ်လွှတ်မှုနှုန်း မြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Newswav**

**Trs : Sai Sat**

# ရခိုင်ပြည်နယ် မြို့နယ်သုံးမြို့နယ်၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်မည်

**စစ်တွေ စက်တင်ဘာ ၂၁**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ် မြို့နယ်သုံးမြို့နယ်၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၇)၊ ရခိုင်ပြည်နယ်ရုံး၏ စက်တင်ဘာ ၂၀ ရက် သတင်းများအရ သိရသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၇)၊ ရခိုင်ပြည်နယ်ရုံးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ မြို့နယ်သုံးမြို့နယ်၌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါက်တောမြို့နယ် သဲခုံကျေးရွာ၊ တောင်ကုတ်မြို့နယ် ကုလားရောင်ကျေးရွာနှင့် သံတွဲမြို့နယ် မြို့ပြင်ကျေးရွာတို့၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရာတွင် လုပ်ငန်းသုံးပစ္စည်းများကို ပုဂ္ဂလိကလုပ်ငန်းပိုင်ရှင်များထံမှ အိတ်ဖွင့်တင်ဒါများ ဖိတ်ခေါ်ဝယ်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တင်ဒါအောင်မြင်သည့် လုပ်ငန်းရှင်များအနေဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် ပေးပို့ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တင်ဒါအဆိုပြုလွှာများကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၃ ရက်ထိ စစ်တွေမြို့ ပြည်တော်သာရပ်ကွက် သတ္တဌာနလမ်းရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၇)၊ ရခိုင်ပြည်နယ်ရုံးတွင် ဝယ်ယူတင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းချမ်း**

# သမုဒ္ဒရာကာကွယ်ရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ရေး နိုင်ငံ ၆၇ နိုင်ငံက ကုလသမဂ္ဂကိုတိုက်တွန်းထား

**ဘရပ်ဆဲလ် စက်တင်ဘာ ၂၁**

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် နိုင်ငံ ၆၇ နိုင်ငံက သမုဒ္ဒရာကာကွယ်ရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် လက်မှတ်ရေးထိုးရန် ဆန္ဒရှိနေပြီး စာချုပ်ချုပ်ဆိုနိုင်ရေး ကုလသမဂ္ဂကို တိုက်တွန်းထားသည်ဟု ဘယ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

သမုဒ္ဒရာကာကွယ်ရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်စာချုပ်ကို အမြန်ဆုံးချုပ်ဆိုနိုင်မှသာ သမုဒ္ဒရာညစ်ညမ်းမှုပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ ၆၇ နိုင်ငံထိ စာချုပ်တွင် လက်မှတ်ရေးထိုးလိုသည့် အခြေအနေသည် သမုဒ္ဒရာကာကွယ်ရေးအတွက် အလားအလာကောင်းသည့် အခြေအနေဖြစ်ကြောင်း ဥရောပသမဂ္ဂသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မရှင်နာ ဗာဂျီနီဂျက်စ်က ပြောကြားခဲ့သည်။

"ပင်လယ်သမုဒ္ဒရာ ကာကွယ်ရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်စာချုပ်ကိုချုပ်ဆိုလိုတဲ့ နိုင်ငံ ၆၇ နိုင်ငံထိ ရှိနေပါတယ်။ ဒီစာချုပ်ကို အမြန်ဆုံးချုပ်ဆိုနိုင်မှပဲ လူသားတွေရဲ့ဖိအားပေးမှုနဲ့ရင်ဆိုင်နေရတဲ့ ပင်လယ်သမုဒ္ဒရာတွေ ညစ်ညမ်းမှုဖြစ်ပွားတဲ့ပြဿနာကနေ ထိန်းသိမ်းကာကွယ်နိုင်မှာဖြစ်ပါတယ်။ စာချုပ်ကို အမြန်ဆုံး ချုပ်ဆိုနိုင်မှ ၂၀၃၀ ပြည့်နှစ်အရောက်မှာ ပင်လယ်သမုဒ္ဒရာ ၃၀ ရာခိုင်နှုန်းထိ ထိန်းသိမ်းကာကွယ်နိုင်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ ကုလသမဂ္ဂအနေနဲ့ဒီစာချုပ်ချုပ်ဆိုဖို့အတွက် ဆွေးနွေးညှိနှိုင်းမှုတွေလိုအပ်နေကြောင်း ထုတ်ပြန်ထားတယ်။ စာချုပ်မှာ လက်မှတ်ရေးထိုးလိုတဲ့ နိုင်ငံတွေကတော့ အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ဖို့ စောင့်ဆိုင်းနေပါတယ်"ဟု ဗာဂျီနီဂျက်စ်က ပြောကြားခဲ့သည်။




သမုဒ္ဒရာကာကွယ်ရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများကလည်း နည်းလမ်းအမျိုးမျိုးဖြင့် ဆန္ဒထုတ်ဖော်မှုများပြုလုပ်လျက်ရှိရာ ကုလသမဂ္ဂအနေဖြင့် စာချုပ်အတွက်အမြန်ဆုံး ပြင်ဆင်နိုင်ရန် လိုအပ်နေကြောင်း သိရသည်။

**Ref : TBS News**

**Trs : Sai Sat**

## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# လေဆင်နှာမောင်းဒဏ်ခံရသည့် တရုတ်နိုင်ငံ ဂျန်စူပြည်နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်

**ပေကျင်း စက်တင်ဘာ ၂၁**

တရုတ်နိုင်ငံ ဂျန်စူပြည်နယ်တွင် စက်တင်ဘာ ၁၉ ရက်က အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်ခံရပြီးအပျက်အစီးများခဲ့ကာ ဒေသခံ ၁၀ ဦးထိသေဆုံးမှုဖြစ်ပွားခဲ့ရာ ယနေ့မှစ၍ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ဂျန်စူပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

လေဆင်နှာမောင်းတိုက်ခတ်ခံရပြီးနောက် ဂျန်စူပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်လျက်ရှိပြီး လေဆင်နှာမောင်းကြောင့် နေအိမ် ၁၆၄၆ လုံးထိပျက်စီးခဲ့ကာ ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ လေဆင်နှာမောင်းအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသောနယ်မြေများမှာ ဂျန်စူပြည်နယ်ရှိ ပင်လယ်ဝါအနီးမှ ဒေသများဖြစ်ကြောင်း၊ လေဆင်နှာမောင်းကြောင့် စူကွမ်မြို့တွင်အပျက်အစီးများခဲ့ပြီး ဂျန်စူပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက စူကွမ်မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"လေဆင်နှာမောင်းကြောင့် ပျက်စီးခဲ့တဲ့ အခြေခံအဆောက်အအုံနဲ့ နေအိမ်တွေကို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေကိုတော့ လိုအပ်တဲ့ဆေးကုသမှုတွေ ပြုလုပ်ပေးနေပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေပြီးမှသာ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကို နေရပ်ပြန်ခွင့်ပြုသွားမှာဖြစ်ပါတယ်"ဟု ဂျန်စူပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : ST**

**Trs : Sai Sat**

# အမှားကင်းစင်သော စာမျက်နှာ

မောင်ချမ်းမြေ့(ပညာရေး)




(၁)

ပတ်ဝန်းကျင်တစ်ခုလုံးသည်ကား အမှောင်အတိ။ အဆက်မပြတ်ရွာသွန်းနေသောမိုးကြောင့် အအေးဓာတ်က ပိုကဲလျက်။ တစ်ရွာလုံးနီးပါးပင် တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုအချိန် ဆရာဦးသက်ပိုင်တစ်ယောက် မိုးပေါက်များကျနေသည့်ကြား ဆိုင်ကယ်စီး၍ ရွာလမ်းမအတိုင်းမောင်းကာ အဆောင်သို့ ပြန်လာနေသည်။ အဆောင်သို့ရောက်၍ နာရီကို တစ်ချက်ကြည့်လိုက်ရာ ည ၉ နာရီ ထိုးလေပြီ။ မိုးပေါက်များကြား ဆိုင်ကယ်စီးလာခဲ့သည့်အတွက် တစ်ကိုယ်လုံး မိုးရေများစိုရွှဲလျက်။ အသင့်လှန်းထားသော ပုဆိုး၊ အင်္ကျီတို့ကိုယူ၍လဲကာ အဆောင်ပေါ်သို့ တက်လာခဲ့လေသည်။ လှေကားထစ်တစ်ထစ်ချင်း တက်ရင်း ဦးသက်ပိုင် စိတ်ထဲမှ ဆုတောင်းနေမိသည်။ မိုးရွာလျှင် အဆောင်၏အခြေအနေကို ဦးသက်ပိုင်သည် သာလျှင် အသိဆုံးပင်။ မီးခလုတ်ကိုဖွင့်၍ ကြည့်လိုက်ရာ ဦးသက်ပိုင်၏ဆုတောင်းမပြည့်ခဲ့ပေ။ အကြောင်းမှာ အဆောင်ရှေ့ခန်းတစ်ခန်းလုံးအပြင် မိမိ၏အိပ်ရာတစ်ခုလုံးပါ မိုးရေများ စိုရွှဲနေသောကြောင့်ပင်။ အကြိမ်ပေါင်းများစွာ မိမိနေထိုင်သော အဆောင်လေးကို ပြုပြင်ပေးရန် တောင်းဆိုခဲ့ပါသော်လည်း နေ့ရွှေ့၊ ညရွှေ့ဖြင့်သာ အချိန်ကုန်ခဲ့ရသည်။ ထိုသို့ ရွှေ့ပေါင်းများလှသောကြောင့် မိုးရွာသောညများတွင် ဦးသက်ပိုင်ကောင်းစွာမအိပ်စက်ခဲ့ရသည်မှာ မရေမတွက်နိုင်ပေ။ ဦးသက်ပိုင် စိတ်ကိုထိန်းချုပ်ပါသော်လည်း မည်သို့မျှပင်မရ။ မျိုသိပ်ပေါင်းများခဲ့ပြီဖြစ်သောကြောင့် ဒေါသများထွက်ကာ ဆရာဆိုသည့် အသိစိတ်ပျောက်ပြီး ပေါက်ကွဲခဲ့လေသည်။

(၂)

"ဖြောင်း. . . ဖြောင်း. . ."

"ဂလုန်း"

ဦးသက်ပိုင်တစ်ယောက် ထင်းခွဲရာတွင် ရိုက်တုတ်အဖြစ်အသုံးပြုသော သစ်သားချောင်းဖြင့် အဆောင်ထရံများကို ရိုက်ခွာနေသော အသံတို့သည်ကား တိတ်ဆိတ်သော ညအချိန် ဆူညံနေလေသည်။ အဆောင်အနီးအနားရှိအိမ်မှလူများ နိုးလာကြသည်။ အုပ်ချုပ်ရေးမှူးနှင့်တကွ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖများ ဦးသက်ပိုင်၏ အဆောင်ရှေ့လမ်းမထက်တွင် စုရုံးလာကြသည်။ ဒေါသအကြီးအကျယ် ပေါက်ကွဲနေသော ဦးသက်ပိုင်၏အနားသို့ မည်သူမျှ မကပ်ဝံ့ကြပေ။ ဦးသက်ပိုင်ကား ပါးစပ်ကလည်းပြော၊ လက်ကလည်း တဖြောင်းဖြောင်းနှင့်သာ အဆက်မပြတ် ရိုက်နှက်နေလေသည်။ ထိုအချိန် ရပ်မိရပ်ဖဖြစ်သူ ဦးထွန်းလူက အရဲစွန့်ကာ အဆောင်ပေါ် တက်လာ၍ ဦးသက်ပိုင်ကို ချော့ကာ နားချရလေသည်။

"ဆရာလေး"

"ဘယ်သူလဲ"

"ကျွန်တော်. . . ဦးထွန်းလူပါ။ စိတ်လျှော့ပါ ဆရာလေးရယ်။ ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောကြရအောင်"

ဦးထွန်းလူက ဦးသက်ပိုင်လက်ထဲက တုတ်ကိုယူ၍ အဆောင်အောက်သို့ ပစ်ချလိုက်သည်။ နှစ်ယောက်သား မိုးရေလွတ်ရာနေရာတွင်ထိုင်ကာ စကားပြောနေကြသည်။

"ဆရာလေး ထမင်းစားပြီးပြီလား"

"စားပြီးပြီဗျ။ ဟိုဘက်ရွာက ကျွန်တော့်သူငယ်ချင်း အိမ်မှာ စားခဲ့တာ"

"ဪ. . . မစားရသေးရင် အိမ်မှာယူချေမလို့။ ဒါနဲ့ ဆရာလေးအတွက် စိတ်မကောင်းပါဘူးဗျာ။ ရွာကလူတွေကလဲ မအားကြတော့ ဆရာလေးရဲ့ အဆောင်ပြင်ဖို့ကို အလှည့်မပေးနိုင်ဘူး ဖြစ်နေကြတာ"

"ရွာသူရွာသားတွေရဲ့အခြေအနေကို ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ အဆောင်တစ်ခုလုံးကို ပြင်ခိုင်းတာမှမဟုတ်တာ။ အမိုးလုံရုံ ပြင်ခိုင်းတာကို နေ့ရွှေ့၊ ညရွှေ့ လုပ်နေတာတော့ မကောင်းဘူးဗျာ။ အခုခင်ဗျားမြင်တွေ့ရတာက ပထမဆုံးအကြိမ်။ ကျွန်တော်ခံစားခဲ့ရတာတွေက ညပေါင်းမရေမတွက်နိုင်တော့ဘူး"

"ဟုတ်ကဲ့ပါဆရာလေး။ ကျွန်တော် ရွာသူ၊ ရွာသားတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး အမြန်ဆုံးပြင်ဆင်နိုင်အောင်ကြိုးစားမယ်ဗျာ"

"လုပ်နိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ"

ဦးထွန်းလူနှင့် ဆရာဦးသက်ပိုင်တို့နှစ်ယောက် အဆောင်ကိစ္စပြောကြရင်း ညအချိန်ကား လင့်နေပေပြီ။ ဦးထွန်းလူလည်း ဦးသက်ပိုင်ကိုနှုတ်ဆက်၍ သူ၏အိမ်သို့ ပြန်သွားလေသည်။

ဦးသက်ပိုင်တစ်ယောက် စိုစွတ်နေသောထိုင်ခုံကို ခြောက်အောင်သုတ်လိုက်လေသည်။ အိပ်၍မရသေးသည့် အခြေအနေဖြစ်သဖြင့် ဆေးလိပ်ကိုမီးညှိပြီး တစ်ဖွာနှစ်ဖွာ ရှိုက်ထုတ်လိုက်လေသည်။ မိုးရေစိုစွတ်နေသော အိပ်ရာကိုကြည့်၍ သက်ပြင်းတစ်ချက်ချလိုက်မိ၏။ မည်သို့မည်ပုံ ရှေ့ဆက်ရမည်မသိ။ မိမိနေထိုင်သောအဆောင်ကို ပြန်ပြင်မည်ဟုဆိုသော်လည်း မရေရာမသေချာသေးသောကိစ္စ။ ဦးသက်ပိုင် ထိုရွာလေးတွင် တာဝန်ကျလာသည်မှာကား နှစ်နှစ်မျှပင်ရှိချေပြီ။ အမိုးအကာမလုံသည့် အဆောင်တွင် မိုးရွာသည့်ညများ၌ မအိပ်ရသည်မှာကား ညပေါင်းများစွာ။ စိတ်ပျက်စရာကောင်းလှသည့် အခြေအနေများကြားမှ ရုန်းထွက်ချင်နေမိသည်။ အတွေးများစွာနှင့်အတူ လွင့်မျောနေခိုက် အပြောင်းအရွှေ့ခေါ် စာကို သတိရမိလေသည်။ ဖုန်းကိုကောက်ကိုင်လိုက်ကာ ပညာရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော အသိမိတ်ဆွေ အစ်မတစ်ယောက်ကို မေးလိုက်လေသည်။

"ဟယ်လို. . . အစ်မ။ အပြောင်းအရွှေ့ လျှောက်လွှာ တင်ရမဲ့ရက်က ဘယ်နေ့နောက်ဆုံးလဲ"

"မနက်ဖြန်နောက်ဆုံး ဆရာ"

"ဪ. . . ဟုတ်ကဲ့ပါအစ်မ။ ကျေးဇူးပါဗျ။ ညအချိန်မတော် ဖုန်းဆက်မေးရတာ အားနာလိုက်တာဗျာ"

"ရပါတယ် ဆရာ"

"ဟုတ်ကဲ့. . . အစ်မရေ။ ဒါပဲနော်"

ဦးသက်ပိုင် ဖုန်းကိုချလိုက်ပြီး အပြောင်းအရွှေ့ လျှောက်လွှာ သွားတင်တော့မည်ဟု ဆုံးဖြတ်ချက်ကို ချလိုက်လေတော့သည်။

(၃)

တစ်လခန့်ကြာပြီးသောအချိန် နံနက်ခင်းတွင် အဆောင်အနောက်ဘက်ဆီမှ စကားသံများကြား၍ ဦးသက်ပိုင် နိုးလာခဲ့သည်။ အိပ်ရာကို သေချာစွာသိမ်း၍ အဆောင်အောက်သို့ဆင်းလာရာ ဦးထွန်းလူနှင့်လူငယ်လေးယောက်ကိုတွေ့လေသည်။ မည်သည့်အကြောင်းကိစ္စကိုကား ဦးသက်ပိုင် မသိ။ ဦးထွန်းလူကို စကားစကာ မေးလိုက်မိသည်။

"ဦးထွန်းလူတို့ပါလား။ လက်ထဲမှာလဲ တူးရွင်း၊ ပေါက်ပြားတွေနဲ့ ဘာလုပ်ကြမလို့လဲဗျ"

"ဆရာလေး ဝမ်းသာရအောင်လို့ ကျွန်တော် ဘာမှမပြောဘဲနေတာဗျ။ ဆရာလေးအတွက် အဆောင်အသစ်ဆောက်ပေးရအောင် ပန္နက်ရိုက်၊ မြေညှိကြမလို့ဗျ"

ဦးထွန်းလူ၏စကားကြောင့် ဆရာဦးသက်ပိုင်တစ်ယောက် ဝမ်းသာသွားမိ၏။

"ကျွန်တော့်အတွက်ရယ်လို့တော့ မပြောပါနဲ့ဗျာ။ ကျွန်တော်ပြောင်းသွားခဲ့ရင် နောက်ရောက်လာမဲ့ဆရာ၊ ဆရာမတွေအတွက်လဲ အဆင်ပြေတာပေါ့ဗျာ"

"ဟုတ်ပါ့ဗျာ. . . ဆရာလေးရယ်"

သို့နှင့် ဦးထွန်းလူတို့အဖွဲ့သည် အဆောင်နေရာ ပန္နက်ရိုက်ပြီး မြေညှိသူကမြေညှိ၊ အမှိုက်များပစ်သူကပစ်၊ အသားများသယ်သူက သယ်နှင့် အလုပ်စလုပ်နေကြလေသည်။

ဦးသက်ပိုင်လည်း မျက်နှာသစ်၊ အဝတ်အစားလဲ၍ ကျောင်းဆီသို့ ထွက်လာခဲ့လေသည်။

(၄)

အချိန်သည်ကား တရွေ့ရွေ့ ကုန်ဆုံးခဲ့လေပြီ။ ဦးသက်ပိုင်လည်း စာကိုကြိုးစားသင်ကြားပေးသည့်အလျောက် ဦးထွန်းလူတို့အဖွဲ့သည်လည်း အဆောင်ဆောက်နေကြသည်မှာ ပြီးဆုံးခါနီးပေပြီ။ မမျှော်လင့်ဘဲ ဖြစ်ရပ်တစ်ခုက ဦးသက်ပိုင်နှင့် ထိုရွာလေး ခွဲခွာရမည့်ကိစ္စ။ ဦးသက်ပိုင်တင်ထားသော အပြောင်းအရွှေ့မှာ အော်ဒါထွက်လာခဲ့သည်။ ဦးသက်ပိုင် ထိုရွာလေးမှ ပြောင်းရွှေ့ရတော့မည်။ တစ်ရွာလုံးက စိတ်မကောင်းကြ။ အထုပ်အပိုးများကို စက်လှေပေါ်တင်ပြီး အားလုံးကို လက်ပြနှုတ်ဆက်လျက်။ အားလုံး သတိမထားမိလိုက်သည့် ဦးသက်ပိုင်၏ မျက်လုံးတစ်စုံက ပြီးလုဆဲ အဆောင်သစ်ဆီသို့။ ဦးသက်ပိုင်တစ်ယောက် ကျိတ်ပြုံးမိလိုက်သည်။ ဆရာ့ဂုဏ်ပုဒ်နှင့်မညီ ဆူပူသောင်းကျန်းကာ ပြင်ဆင်ခိုင်းခဲ့သည့် အဆောင်လေးအစား အဆောင်သစ်ဆောက်ပေးသည့်အတွက် ဝမ်းသာမဆုံး။ ထိုအဆောင်သစ်လေးတွင် အသစ်ရောက်လာမည့် ဆရာ၊ ဆရာမများ မိုးလုံ၊ လေလုံ အဆင်ပြေစွာ နေထိုင်ကြရတော့မည်ကိုတွေးလျက် ပျော်ရွှင်မိသည်မှာအမှန်ပင်။ မိမိ လိုရာခရီးသို့ ဦးတည်ခုတ်မောင်းခေါ် ဆောင်လာသော စက်လှေပေါ် တွင် ဦးသက်ပိုင်တစ်ယောက် တက်ကြွလျက်။ ထိုရွာကလေးတွင် ဦးသက်ပိုင်ရေးခဲ့သော မှတ်တမ်းသည်ကား အမှားကင်းစင်သော စာမျက်နှာတစ်ခုပင် မဟုတ်ပါလား။

❖ အချိန်သည်ကား တရွေ့ရွေ့ကုန်ဆုံးခဲ့လေပြီ။ ဦးသက်ပိုင်လည်း စာကိုကြိုးစားသင်ကြားပေးသည့်အလျောက် ဦးထွန်းလူတို့အဖွဲ့သည်လည်း အဆောင်ဆောက်နေကြသည်မှာ ပြီးဆုံးခါနီးပေပြီ။ မမျှော်လင့်ဘဲ ဖြစ်ရပ်တစ်ခုက ဦးသက်ပိုင်နှင့် ထိုရွာလေးခွဲခွာရမည့်ကိစ္စ။ ဦးသက်ပိုင် တင်ထားသော အပြောင်းအရွှေ့မှာ အော်ဒါထွက်လာခဲ့သည်။ ဦးသက်ပိုင် ထိုရွာလေးမှ ပြောင်းရွှေ့ရတော့မည်။ တစ်ရွာလုံးက စိတ်မကောင်းကြ။ အထုပ်အပိုးများကို စက်လှေပေါ်တင်ပြီး အားလုံးကိုလက်ပြနှုတ်ဆက်လျက်။ ❖

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၁၂၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

**ခန္တီး စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၂၁ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ခန္တီးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၁၁၂၁ ဧကစိုက်ပျိုးဖို့ လျာထားတယ်။ အခုဧက ၁၁၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ပန်းမုန်လာ၊ ရုံးပတီသီး စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP စနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၅၃ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၁၂၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ခန္တီးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၇၅ ဧကစိုက်ပျိုးရန် လျာထားကြောင်း သိရသည်။ (၂၀၆)

# ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**ပဲခူး စက်တင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရွာသစ်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်းနှင့် ဝန်ထမ်းများက ရွာသစ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်းလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကျေးရွာရေပိုက်လိုင်းသွယ်တန်းနေမှုအခြေအနေများ၊ ကျေးရွာဘက်စုံသုံးခန်းမ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ Green House တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေကျပ် ၂၈၇ ဒသမ ၂၆ သန်းအသုံးပြုပြီး ကျေးလက်ကုန်ထုတ်လမ်းအရှည်ပေ ၂၄၀၀ ပေါ်တွင် အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေ မြေနီခင်းခြင်း၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ဂဝံမြေခင်းခြင်း၊ ရေပိုက်လိုင်း အရှည်ပေ ၃၆၀၀ သွယ်တန်းခြင်းလုပ်ငန်း၊ အလျား ၄၂ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၀ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများကို ရတနာဝန်းရံ ကုမ္ပဏီက ယခုနှစ် ဇူလိုင် ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ Green House တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဩဂုတ် ၂၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ကိုညီ**



# နတ်မောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**နတ်မောက် စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနက်ကျေးရွာ၊ အိုင်ဇောက်ကျေးရွာနှင့် တယ်ထပ်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ဒုတိယအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက အိုင်ဇောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွန်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများအနက်မှ နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်တောင်သူများကိုဦးစားပေး၍ ၎င်းတို့လိုအပ်သည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များအတွက် ချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် သန်း ၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက ချောင်းနက်ကျေးရွာမှ နေကြာစိုက်တောင်သူဦးရေ ၁၂၀ ကို ငွေကျပ် သန်း ၃၀၊ အိုင်ဇောက်ကျေးရွာမှ နေကြာစိုက်တောင်သူဦးရေ ၈၀ ကို ငွေကျပ် သန်း ၂၀၊ တယ်ထပ်ကျေးရွာမှ နေကြာစိုက်တောင်သူဦးရေ ၅၀ ကို ငွေကျပ် ၁၀ သန်း စုစုပေါင်း ကျေးရွာသုံးရွာမှ နေကြာစိုက်တောင်သူဦးရေ ၂၅၀ ကို ငွေကျပ်သန်း ၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ(နတ်မောက်)**

## ရေခင်းသာစွ တော်သလင်းလ

\- အမှုန်မှောင် ညှဉ်းတယ်ပဲ့
တော်သလင်း မိုးစွေ၊
လေငြိမ်ကာ အထာတစ်မျိုးနှင့်
ဝလာ မိုးစေ၊
လယ်ပြင်က ကန်သင်းတွေ
ကျိုးပေပေါ့ သူ့ကြောင့်၊
ဝတိမှာ ရေရှားအောင်ပဲ့
ပြုံအားတမှောင့်။

\- ကန်ရာသီ ချိန်အတွင်းမှာလ
ရွှေရင်းမာ သင်းပျံ့မော်၊
မြိုင်တစ်ခို အခိုင်စိုလန်းပါဘိ
ပန်းသတင်းကျော်၊
ရေကြောင်းမှ လှေလောင်းခေါ်
အပြိုင်လှော် သဘင်ပွဲ၊
တော်သလင်းပေမို့
ဖော်တစ်သင်း စုံညီညီနှင့်၊
ဘုံမဟီ တုန်ရီသိမ့်အောင်ပဲ့
ခြိမ့်ခြိမ့်ဆင်နွှဲ။

\- ရေခင်းသံ ငြိမ့်ငြိမ့်ညောင်းလို့
မြစ်ကြောင်းမှ စီးသံသာ၊
ရာသီခွင် မှိုင်းမြမြနှင့်
ဗျိုင်းက တာရာ၊
နေတစ်စင်းလည်း လင်းတစ်ခါ
ရှည်နေ့တာ တိုတဲ့ည၊
ကညာပျို မအိုအချင်းရယ်နဲ့
သာယာစို ထိုအဆင်းတွေကြောင့်
ရေခင်းမှာ လှ။ ။

**မိုးမြင့်မေ(သ.က.ဟ.အ.)**

# တန့်ယန်းမြို့နယ် နောင်ခမ်းကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ စစ်ဆေး

**တန့်ယန်း စက်တင်ဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တန့်ယန်းမြို့နယ် နောင်ခမ်းကျေးရွာ၌ ကျေးလက်ရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်လွင်၊ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ နောင်ခမ်းကျေးရွာတွင် သောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

နောင်ခမ်းကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အရှည်တစ်မိုင် လေးဖာလုံ စိမ့်စမ်းရေသွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်တည်ဆောက်ခြင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၇၅၅ သန်းဖြင့် Golden Dream Pioneer ကုမ္ပဏီက ယခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်တို့အတွက် ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# ပုဂံမြို့က အပြောင်းအလဲများ

သက်နိုင်(ပြင်ဦးလွင်)

ပုဂံဘုရားဖူးခရီးစဉ်မှာ ဖူးသင့်ဖူးထိုက်၊ သွားသင့်သွားထိုက်တဲ့ နာမည်ကျော်တန်ခိုးကြီးဘုရားစေတီတချို့ကို မနက်စောစောကတည်းက သွားရောက်ဖူးမြော်အပြီး နေ့လယ်ပိုင်းမှာ ရှေးဟောင်းသုတေသနပြတိုက်ရှိရာကို ရောက်လာကြတယ်။ အချိန်က မွန်းလွဲ ၁ နာရီကျော်ရှိနေပြီဖြစ်လို့ ရာသီဥတုအပူဒဏ်က အလွန်ပြင်းထန်နေတယ်။ ဒါကြောင့် ပြတိုက်ထဲကို မဝင်ခင် ပြတိုက်ရှေ့မှာရှိတဲ့ ဈေးဆိုင်လေးတွေကနေ ရေသန့်ဘူး၊ အချိုရည်ဘူးအေးတာလေးတွေကို လိုရမည်ရ အဆင်သင့်ဝယ်ယူထားရတယ်။ ရေသန့်ဘူးလေးတွေ၊အချိုရည်ဘူးလေးတွေဝယ်ယူနေတုန်း အမျိုးသမီးတွေနဲ့ ကလေးငယ်တစ်သိုက် မိမိတို့အနားကို တိုးကပ်လာကြပြီး ဒန်းဆိုးပါအုံး၊ ပန်းချီဆွဲပါအုံး စသဖြင့် လက်ထဲမှာကိုင်ထားကြတဲ့ ရုပ်ပုံကားချပ်ပန်းချီတွေကို ပြသပြောဆိုဆွဲဆောင်ကြတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုကျော်ကာလတုန်းက ရောက်ခဲ့တဲ့ ပုဂံမြို့ပတ်ဝန်းကျင်နေ အခြေခံလက်လုပ်လက်စားလူတန်းစားတစ်ရပ်ရဲ့ အလုပ်အကိုင်အခြေအနေနဲ့ အခုအခြေအနေက အပြောင်းလဲကြီးပြောင်းလဲသွားတာကို တွေ့မြင်နေရတယ်။ အရင်တုန်းက ဘုရားစေတီတွေကိုရောက်ရင် ယွန်းထည်ပစ္စည်းတွေကို ဝယ်ယူသွားကြပါ။ ယွန်းထည်ပစ္စည်းတွေပေါ်မှာလဲ အမှတ်တရအနေနဲ့ ကိုယ်တိုင်ပန်းချီဆွဲ၊ စာလုံးစာတန်းတွေ ရေးလို့ရပါတယ် စသဖြင့် အနားတိုးကပ်ပူဆာဆွဲဆောင်လာကြလေ့ရှိကြတယ်။ အခုတစ်ခေါက်ရောက်တော့ အရင်လိုမဟုတ်တော့ဘဲ ဘုရားစေတီတွေရဲ့အနားမှာ ခေါင်းဖြီးအုံးမလား၊ သနပ်ခါးလိမ်းအုံးမလား၊ ဒန်းပုံလှလှလေးတွေဆိုးသွားကြပါအုံးဆိုတဲ့ ခေါ်သံ၊ အော်သံ၊ စကားသံတွေကို ကြားနေရတယ်။ မြို့ခံ၊ နယ်ခံ၊ ရပ်ခံ၊ ရွာခံအမျိုးသမီးတွေက လာရောက်ကြတဲ့ ဘုရားဖူးဧည့်သည်တွေကို ခေါင်းဖြီးပေး၊ ဆံထုံးထုံးပေး၊ ဆံကျစ်ကျစ်ပေး၊ ပန်းအလှပန်ပေး စတဲ့ဆံပင်အလှဆင်ပေးတာတွေနဲ့အတူ သနပ်ခါးကို ပုံစံအမျိုးမျိုးနဲ့ လှလှပပလိမ်းခြယ်ပေးတာတွေ၊ အိန္ဒိယရိုးရာလက်မှုပန်းချီ ဒန်းဆေးဆိုးပေးတာတွေကို တွင်တွင်ကျယ်ကျယ် ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်လာကြတာကို အပြောင်းအလဲတစ်ခုအဖြစ် မြင်တွေ့နေရတယ်။ ဆံပင်အလှပြင်ခေါင်းဖြီးပေးတာ၊ သနပ်ခါးလိမ်းပေးတာတွေကို အမျိုးသမီးတွေက လုပ်ကိုင်ကြပြီး ပန်းချီဆွဲ၊ ဒန်းဆိုးတာတွေကို အမျိုးသား၊ အမျိုးသမီး၊ ကလေး၊ လူကြီး အရွယ်စုံလုပ်ကိုင်ပေးနေကြတယ်။

ပုဂံကိုလာရောက်ကြတဲ့ ဘုရားဖူးဧည့်သည် အမျိုးသမီးလူငယ်အများစုက ခေါင်းဖြီး၊ ဆံပင်စည်းတာတွေကို စိတ်ဝင်တစားနဲ့လုပ်ကိုင်ခိုင်းကြသလို မျက်နှာနဲ့ လက်တွေ၊ ခြေထောက်တွေမှာ ဒန်းဆိုးတာမျိုးတွေကို ပုဂံရောက်အမှတ်တရအဖြစ် ပြုလုပ်လေ့ရှိနေကြတယ်။ ခေါင်းဖြီး၊ ဆံပင်စည်း၊ ဆံထုံးထုံး၊ သနပ်ခါးလိမ်းတာတွေကို အဖိုးအခသတ်မှတ်ထားချက်မရှိ စေတနာအလျောက်သာ တုံ့ပြန်ပေးကြရပြီး ဒန်းဆိုး၊ ပန်းချီဆွဲတာတွေက သတ်မှတ်တဲ့နှုန်းထားအတိုင်း ပေးကြရတယ်။ ဒါပေမဲ့ အရုပ်တစ်ရုပ်၊ ပုံတစ်ပုံကို ငွေကျပ်ငါးထောင်၊ ခြောက်ထောင်ဈေးနှုန်းသတ်မှတ်ခေါ်ဆိုနေကြပြီး ဘုရားဖူးဧည့်သည်က ဈေးဆစ်ရင် ဆစ်တတ်သလို ငွေကျပ် တစ်ထောင်၊ နှစ်ထောင်နဲ့လဲ ရနေတယ်။ ဒ့ါပြင် ဖြီးလိမ်းပြင်ဆင်နေတုန်း၊ ဒန်းဆိုးပန်းချီဆွဲပေးနေတုန်း အမှတ်တရဓာတ်ပုံရိုက်ပေးပ့ါမယ်ဆိုပြီး လက်ထဲက ဖုန်းကင်မရာတွေကို လာယူသူတွေလဲရှိနေတယ်။ အချို့ စေတနာနဲ့ရိုက်ပေးကြသူတွေရှိကြသလို အချို့ကလဲ ဓာတ်ပုံရိုက်ခအဖြစ် ငွေကြေးတောင်းခံသူတွေရှိပါတယ်။ ဒါပေမဲ့ အတင်းအကျပ်၊ မရမက တောင်းခံခြင်းမျိုးမဟုတ်ဘဲ စေတနာအလျောက်သာ ပေးကြရတာပါ။ ဘုရားစေတီတွေပတ်ဝန်းကျင်မှာ ဘုရားဖူးဧည့်သည်တွေကို မှီခိုပြီး လုပ်ကိုင်စားသောက်နေကြသူတွေအားလုံးက ဓာတ်ပုံရိုက်၊ ဒန်းဆိုး၊ ခေါင်းဖြီး၊ ဆံထုံးထုံး၊ သနပ်ခါးလိမ်းစတဲ့အတတ်ပညာတွေကို ကျွမ်းကျင်နေကြပါပြီ။ အချို့လဲ ဘုရားသမိုင်းတွေကို ရှင်းပြပေးပြီး မုန့်ဖိုးတောင်းတာမျိုးတွေ၊ မိမိတို့ဆိုင်က ပစ္စည်းတွေကို အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူဖို့ တိုက်တွန်းပြောဆိုတာမျိုးတွေလဲ ရှိကြပါသေးတယ်။

ရေသန့်ဘူးနဲ့ အချိုရည်ဘူးတွေ ဝယ်ယူပြီးတာနဲ့ ရှေးဟောင်းသုတေသနပြတိုက်ထဲကို ဝင်ရောက်ကြဖို့ ပြင်ဆင်ကြတယ်။ ဝင်ကြေးအဖြစ် လူကြီးတစ်ဦးကို ငွေကျပ် တစ်ထောင်နှုန်းသတ်မှတ်ထားတဲ့လက်မှတ်ကို ဝယ်ယူကြရတယ်။ ပြတိုက်အတွင်းကို ဝင်ရောက်ကြည့်ရှုလေ့လာရခြင်းမပြုခင် ဂိတ်အပေါက်ဝကနေ မြင်တွေ့နေရတဲ့ ပြတိုက်အဆောက်အအုံကြီးက လှလှပပ ခံ့ခံ့ညားညားပါ။ ဒါပေမဲ့ ဝင်ပေါက်ကနေ ပြတိုက်ရောက်တဲ့ထိ နေပူကျဲကျဲမှာလျှောက်လှမ်းရတဲ့ခရီးက မသက်သာလှပါဘူး။ ပြတိုက်ဆင်ဝင်အောက်ကို ရောက်ရောက်ချင်း ရေသောက်ရင်း၊ အချိုရည်သောက်ရင်း တစ်ခဏတာအနားယူကြရသေးတယ်။

ဒီနောက်မှ မိမိတို့ပါလာသမျှ အိတ်တွေ၊ ဘူးတွေ၊ ပစ္စည်းတွေကို အပ်နှံပြီး ပြတိုက်အတွင်းကို ဝင်ကြရတယ်။ ပြတိုက်ထဲကို လက်ကိုင်ဖုန်းကလွဲပြီး ဘာပစ္စည်းမှ ယူခွင့်ပြုမထားပါဘူး။

ရှေးဟောင်းသုတေသနပြတိုက်ကို အာနန္ဒာဘုရားရဲ့ မြောက်ဘက်မုခ်ဦးအနီးမှာ ၁၉၀၄ ခုနှစ်က စတင်ဖွင့်လှစ်ထားခဲ့တာပါ။ စတင်ဖွင့်လှစ်စဉ်က ကမ္ဘည်းကျောက်စာဝန်တော်စိန်ခို စုဆောင်းထားတဲ့ ရှေးဟောင်းပစ္စည်းတွေ၊ အာနန္ဒာကျောင်းတိုက် ဆရာတော် ဝါသနာအရစုဆောင်းထားတဲ့ ရှေးဟောင်းပစ္စည်းတွေနဲ့ ပုဂံဘုရားအစုစုက ပြောင်းရွှေ့ထားတဲ့ ဆင်းတုတော်တွေ၊ ရွှေစည်းခုံစေတီတော်က ကြေးဖားစည်၊ ဝသုန္ဒရေရုပ်တုတွေပါဝင်ခဲ့ပါတယ်။ ပြတိုက်ဖွင့်လှစ်ပြသအပြီး နှစ်ပေါင်း ၆၀ အတွင်းမှာ ရှေးဟောင်းပစ္စည်းတွေ တစ်စတစ်စများပြားလာတာကြောင့် ပြတိုက်နဲ့မဆံ့အောင် ဖြစ်လာခဲ့ရတယ်။ ဒါကြောင့် ပုဂံမြို့ဟောင်းအတွင်း ကန်တော့ပလ္လင်ဘုရားတောင်ဘက်မှာ ရှစ်မြှောင့်ပုံသဏ္ဍာန်ပြတိုက်တစ်ခုနဲ့ ကျောက်စာရုံသုံးရုံတို့ကို တိုးချဲ့ဆောက်လုပ်ပြီး ၁၉၇၉ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့မှာ ဖွင့်လှစ်ပြသခဲ့ရတယ်။ ဒါပေမဲ့ ၁၉၉၅ ခုနှစ်ရောက်တဲ့အခါ ရှစ်မြှောင့်ပုံအဆောက်အအုံငယ်တစ်ခုကိုသာ ချန်လှပ်ထားခဲ့ပြီး ကျန်တဲ့မြေနေရာတွေမှာ ခေတ်မီပြတိုက်သစ်ကြီးကို ထပ်မံဆောက်လုပ်ခဲ့တယ်။ အခု ပြတိုက်သစ်ကြီးကို ၁၉၉၈ ခုနှစ် ဧပြီ ၁၇ ရက်က ဖွင့်လှစ်ပြသခဲ့တာပါ။

ပထမဦးစွာ ပြတိုက်ရဲ့ မြေညီထပ်မှာရှိနေတဲ့ ပင်မခန်းမဆောင်၊ ပုဂံခေတ်လက်မှုအနုပညာ ပြခန်း၊ ပုဂံခေတ်စာပေပြခန်း၊ ပုဂံခေတ်လူမှုရေးနဲ့စစ်ရေး ပန်းချီပြခန်း၊ ပုဂံခေတ်ဗိသုကာလက်ရာပြခန်းတွေကို လေ့လာကြရတယ်။ ပြသထားတဲ့ရှေးဟောင်း ပစ္စည်းတစ်ခုချင်း၊ တစ်နေရာချင်းကို သေသေချာချာ ကြည့်ရှုလေ့လာမယ်ဆိုရင် အချိန်အများအပြားပေးကြရမှာပါ။ အခုတော့ တွေ့ဖူးရုံ၊ မြင်ဖူးရုံ၊ ကြည့်ရှုဖူးရုံလောက်သာ အပေါ်ယံလောက်ကြည့်ရှုနေရပြီး မိမိတို့စိတ်ဝင်တစားရှိတဲ့နေရာတွေ၊ ပြခန်းတွေ၊ ပစ္စည်းတွေကိုတွေ့မှ သေသေချာချာအချိန်ယူကြည့်ကြရတယ်။

မြေညီထပ်ကနေ လှေကားတစ်ဆင့်တက်ပြီး ပထမထပ်ကို ရောက်လာတဲ့အခါ ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်း၊ ပုဂံခေတ်နံရံဆေးရေးပန်းချီပြခန်း၊ ပုဂံခေတ်ဗုဒ္ဓအနုပညာပြခန်းနဲ့ ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်ပြခန်းတွေကို တွေ့ရတယ်။ ပထမထပ်မှာ ထူးထူးခြားခြားအနေနဲ့ ရွှေသားအစစ်၊ ငွေသားအစစ် ဗုဒ္ဓဆင်းတုတော်တွေကို ဖူးမြော်ခဲ့ရတာပါ။ ပြခန်းအတွင်းမှာ အခြားဘုရားဖူးဧည့်သည်တွေမရှိဘဲ လူရှင်းနေတာကြောင့် ပြခန်းတာဝန်ခံက တံခါးသော့ဖွင့်ပေးလို့ ရုပ်ပွားတော်တွေကို အနီးကပ်ဖူးမြော်လေ့လာခွင့်လဲ ရရှိခဲ့တယ်။ ရုပ်ပွားတော်တွေက အေဒီ ၁၂ ရာစုက



ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို တွေ့ရစဉ်။

လက်ရာတွေဖြစ်ပြီး ပုဂံမြို့ဟောင်း ဘုရားအမှတ်(၁၅၁၅)နဲ့ ပုဂံမြို့ဟောင်း စောမင်းလတ်ဘုရားတွေကနေ တူးဖော်ရရှိခဲ့တာပါ။ ရုပ်ပွားတော်တွေအနေနဲ့ ရွှေသားစစ်စစ် နှစ်ဆူနဲ့ ငွေသားစစ်စစ်တစ်ဆူဖြစ်ပြီး ရွှေသားရုပ်ပွားတော်နှစ်ဆူအနက် တစ်ဆူက ရွှေအလေးချိန် ၄၀ ကျပ်သားနဲ့ နောက်တစ်ဆူက ရွှေချိန် ၆၀ ကျပ်သားရှိကြောင်း ပြခန်းတာဝန်ခံက ရှင်းပြတယ်။ ပြတိုက်မှာ မြေညီထပ်၊ ပထမထပ်နဲ့ ဒုတိယထပ်ဆိုပြီး သုံးထပ်ရှိနေပေမဲ့ မြေညီထပ်နဲ့ ပထမထပ်ကိုသာ ပြခန်းတွေအဖြစ် အသုံးပြုထားပြီး ဒုတိယထပ်ကို တက်ရောက်လေ့လာခွင့်မရှိပါဘူး။ အတက်လှေကားတွေမှာ အတားအဆီးတွေနဲ့ ပိတ်ဆို့ကာရံထားတယ်။

ပြတိုက်အတွင်းမှာ ထိုက်သင့်သလောက် လေ့လာကြည့်ရှုခဲ့ကြပြီး အပြင်ကိုပြန်ထွက်လာတော့ ပြင်းထန်တဲ့ နေအပူဒဏ်ကို ခံစားကြရတယ်။ ဒါကြောင့် အရိပ်ကောင်းတဲ့ သစ်ပင်အောက်တွေမှာ ခဏနားကြပြီးမှ မြစေတီ၊ မနူဟာ၊ လောကနန္ဒာဘုရားရှိရာတွေကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ လောကနန္ဒာဘုရားကိုရောက်လာတော့ ဧရာဝတီမြစ်ဘေး သစ်ပင်ရိပ်ကောင်းတဲ့ ဈေးဆိုင်တန်းတွေမှာ လူတွေစည်ကားနေတာကို တွေ့ရတယ်။ အချိန်က ညနေ ၃ နာရီကျော်ဝန်းကျင် နေအကျဘက်ကိုရောက်ရှိနေပြီဖြစ်ပေမဲ့ ကျနေကပိုပြီး ပြင်းထန်နေတယ်။ စေတီတော်ပတ်လမ်းအတိုင်း ဘုရားပေါ်ကို တက်ရောက်လာတဲ့အခါမှာလဲ ဧရာဝတီမြစ်ရေပြင်ပေါ် ကျရောက်ပြီး အလင်းပြန်လာတဲ့ နေအရှိန်ကို ခံစားကြရတယ်။ စေတီတော်ရင်ပြင်ပေါ်ကို ရောက်တော့ အောက်မှာခင်းထားတဲ့ ကြွေပြားတွေက မခံမရပ်နိုင်အောင် ပူလောင်နေလို့ အရိပ်ရှိတဲ့ ဇရပ်ဆောင်တွေအတွင်းကို ခြေဖျားထောက်ပြီး အပြေးအလွှားဝင်ကြရတယ်။

လောကနန္ဒာဘုရားမှာ စေတီတော်ကို တစ်ပတ်ပတ်ပြီး ဖူးမြော်လို့မရအောင် နေအပူရှိန် အလွန်ဆိုးပါတယ်။ မိမိတို့ခရီးဖော်တွေအပါအဝင် စေတီတော်ပေါ်ကို ရောက်လာသမျှ ဘုရားဖူးဧည့်သည်တွေအားလုံး နီးစပ်ရာဇရပ်တွေမှာ ဝင်ရောက်ခိုလှုံကြရတယ်။ စေတီတော်ကြီးကိုလဲ ဇရပ်ထဲကနေ ဖူးမြော်ကန်တော့ကြရတယ်။ ဇရပ်တွေထဲမှာ ပန်ကာကြီးတွေဖွင့်ပေးထားတာကြောင့် အပူဒဏ်ကနေ အနည်းငယ်သက်သာခွင့်ရနေတယ်။ ဒါပေမဲ့ ဇရပ်ထဲမှာလဲ ကြာကြာမထိုင်နိုင်ကြဘဲ ရင်ပြင်တော်ပူပူကို ဖြတ်သန်းပြီး အပြေးတစ်ပိုင်းနဲ့ ဣန္ဒြေပျက်လောက်တဲ့ထိ ကားရှိရာကို အရောက်လာခဲ့ကြရတယ်။ ဒါကြောင့်လဲ ပုဂံမှာ နှစ်ရက်၊ သုံးရက်အချိန်ယူ ဘုရားတွေစုံအောင်ဖူးမဲ့အစီအစဉ်ကို ဖျက်လိုက်ရပြီး မနက်ဖြန်မနက်စောစောထပြန်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အချိန်လဲရ၊ အေးအေးဆေးဆေးလဲ ဖြစ်နေကြပေမဲ့ ရာသီဥတုအပူဒဏ်ကြောင့် ပုဂံမှာ ဘုရားတွေစုံအောင်ဖူးမဲ့အစီအစဉ် ပျက်စီးသွားခဲ့ရပါပြီ။

လောကနန္ဒာဘုရားကနေပြန်ထွက်လာပြီး ဘယ်ကိုမှမသွားကြတော့ဘဲ ဟိုတယ်ရှိရာကို တန်းတန်းမတ်မတ် ပြန်လာခဲ့ကြတယ်။ အိပ်ရေးတွေပျက်ထားတဲ့ဒဏ်၊ ပင်ပန်းနေကြတဲ့ဒဏ်၊ နေအပူဒဏ်တွေကြောင့် ခရီးဖော်တွေအားလုံး နွမ်းနယ်နုံးချည့်နေကြပါပြီ။ ဟိုတယ်ကိုပြန်ရောက်တော့လဲ အိပ်ရာတွေပေါ်မှာ တုံးလုံးပက်လက်နဲ့ အရုပ်ကြိုးပြတ်သလို ဖြစ်ကုန်ကြတော့တယ်။ ခရီးဖော်လူကြီး တစ်ယောက်က အိပ်ရာပေါ်မှာ ပက်လက်လှန်အိပ်နေရင်းနဲ့ ဇီးကွက်စိန်အထိမ်းအမှတ်ကျောက်တိုင်ကိုတောင် ဓာတ်ပုံမရိုက်နိုင်အောင်ဖြစ်သွားခဲ့တယ်ဆိုပြီး ညည်းတွားလိုက်သံကြောင့် မိမိက လာလေဓာတ်ပုံရိုက်ရအောင်နောက်တစ်ခေါက် ပြန်ပို့ပေးပ့ါမယ်လို့ ပြောလိုက်တဲ့အခါ အမယ်လေး တော်ပါပြီဗျာဆိုပြီး တစ်ဖက်ကို စောင်းအိပ်သွားတော့တယ်။ ရာသီဥတုအပူဒဏ်က အဲဒီလောက်ထိပြင်းထန်နေတာပါ။

ဒါပေမဲ့ ခဏတစ်ဖြုတ်လောက်သာ အိပ်ပြီး၊ နားပြီး၊ ရေမိုးချိုးကြရတယ်။ ခရီးစဉ်တစ်လျှောက်လုံးမှာ အရသာအရှိဆုံးကတော့ ရေချိုးရတာပါ။ ရေချိုးခန်းထဲကနေ ထွက်မလာချင်လောက်အောင် စိမ်ပြေနပြေချိုးနေမိကြတယ်။ ရေမိုးချိုးအဝတ်အစားလဲပြီး နေအေးသွားတာနဲ့ ညနေစာထမင်းစားထွက်ရင်း ရွှေစည်းခုံဘုရားဖူးရအောင်လို့ နှိုးဆော်ထားတာကြောင့် ခရီးဖော်တွေအားလုံး သွက်သွက်လက်လက် မြန်မြန်ဆန်ဆန် လုပ်ကိုင်ကြရပြန်တယ်။ တစ်ရေးတစ်မောအိပ်ပြီးနားပြီး၊ ရေချိုးပြီးကြလို့လဲ ပြန်လည်လန်းဆန်းနေကြတယ်။ အပြင်ထွက်ဖို့ အဆင်သင့်ဖြစ်နေသူတွေက ကျန်တဲ့ခရီးဖော်တွေကိုစောင့်ရင်း အိမ်ပြန်လက်ဆောင် နာမည်ကျော် ပုဂံပုန်းရည်ကြီးကို ဝယ်ယူကြတယ်။ ဒေသထွက် ပုန်းရည်ကြီးဆိုင်က ဟိုတယ်နဲ့ကပ်လျက်မှာရှိနေလို့ ဝယ်ယူရတာအဆင်ပြေနေတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ရွာတွေမှာ သူ့ဒေသ၊ သူ့ရိုးရာ တွေအလိုက် နာမည်ကျော်ထွက်ကုန်တွေ ကိုယ်စီရှိနေကြပါတယ်။ ရောက်ရှိလေ့လာလည်ပတ်ကြသူ ဧည့်သည်တွေကလဲ ဒေသထွက်ကုန်ပစ္စည်းတွေကို အမှတ်တရအဖြစ်၊ အိမ်အပြန်လက်ဆောင်အဖြစ်၊ စားသုံးကြဖို့အတွက်ဖြစ်ဖြစ် အမြတ်တနိုးဝယ်ယူတတ်ကြသလို မိမိတို့ရဲ့ ဒေသမှာရှိတဲ့ မိဘဆွေမျိုး သူငယ်ချင်းအပေါင်းအသင်းတွေကလဲ ဘယ်ကိုသွားရင် ဘာဝယ်ခဲ့နော်၊ ဘယ်ကပြန်လာရင် ဘာလက်ဆောင်ပါအောင်ဝယ်ခဲ့ စသဖြင့် အားကိုးတကြီးနဲ့ မှာယူတတ်ကြသေးတာမျိုးက ထုံးတမ်းစဉ်လာတစ်ရပ်လို ချစ်စရာဓလေ့တစ်ခုဖြစ်နေပါပြီ။

အခုတစ်ခေါက် ပုဂံ-ညောင်ဦးခရီးစဉ်မှာ လိုရာသုံးဖို့အတွက် ပုန်းရည်ကြီးအထုပ်တွေကို ဝယ်ယူပြီးကြပါပြီ။ မကြာခင်မှာ နာမည်ကျော်ကြားတန်ခိုးကြီးလှတဲ့ ရွှေစည်းခုံစေတီတော်ကြီးကို သွားရောက်ဖူးမြော်ကြပါတော့မယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မွန်ပြည်နယ်ထွက် ဆားကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၂၀ ထိ ဈေးကောင်းရရှိနေ



**မော်လမြိုင် စက်တင်ဘာ ၂၁**

မွန်ပြည်နယ်ထွက် ဆားကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၂၀ ထိ ဈေးကောင်းရရှိနေကြောင်း သတ္တုတွင်းဦးစီးဌာန ဆားလုပ်ငန်းဌာန (မွန်ပြည်နယ်) ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဝင်းက ပြောပြ၍ သိရသည်။

မွန်ပြည်နယ်တွင် ဆားထုတ်လုပ်သည့် ဧက ၄၂၀၀ ကျော်ရှိပြီး ဆားထုတ်လုပ်သူ ဦးရေ ၇၀ ခန့်ရှိကြောင်း၊ ယခုနှစ် ပြည်တွင်းဆားဈေးကွက်အတွင်း ဩဂုတ်လဆန်းက ဆားကြမ်းတစ်ပိဿာလျှင် ငွေ ၁၈၅ ကျပ်ထိရရှိခဲ့ပြီး စက်တင်ဘာလ ဒုတိယပတ်ကစ၍ ယနေ့ထိ ဆားကြမ်း တစ်ပိဿာလျှင် ငွေကျပ် ၂၂၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မွန်ပြည်နယ်အတွင်း အခုနှစ်မှာ ဆားအထွက်နှုန်းက ရာနှုန်းပြည့်မီတယ်လို့ ပြောလို့ရပါတယ်။ ဆားကွင်းတစ်ကွင်းကို တစ်နှစ် ဆားတန်ချိန် ၅၀၀ လောက်ထုတ်နိုင်တဲ့ အနေအထားရှိပါတယ်။ ဆားကွင်းဆားလုပ်ကွက် အရွယ်အစားကလဲ အကြီးအသေးရှိသေးတယ်။ ဒီနှစ်ကတော့ ဆားထုတ်ချိန်မှာ ရာသီဥတုက အဆိုးကြီးမဟုတ်ခဲ့တာရယ် ဈေးကလဲ ဈေးကောင်းရတဲ့အတွက် ဆားထုတ်လုပ်သူတွေ အကျိုးအမြတ် ထိုက်သင့်သလောက်ရပါတယ်"ဟု ဦးခင်ဝင်းက ပြောပြသည်။

၂၀၂၂ ခုနှစ်က ရာသီဥတုကြောင့် ဆားအထွက်နှုန်း လျော့ကျပြီး ဆားကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀ သာ ရရှိခဲ့သဖြင့် ဆားလုပ်ငန်းလုပ်ကိုင်သူများအခက်အခဲဖြစ်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း ဆားချက်လုပ်ငန်းကို မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပငကျေးရွာ၊ စက်စဲကျေးရွာ၊ ကရုပ္ပိကျေးရွာ၊ ကျိုက်ကမီမြို့၊ ပေါင်မြို့နယ် ထန်းပင်ချောင်းကျေးရွာနှင့် ရေးမြို့နယ် ပလိုင်ကီးကျေးရွာ၊ ဘီးလင်းမြို့နယ်တို့တွင် လုပ်ကိုင်လျက်ရှိပြီး မွန်ပြည်နယ်မှ ထွက်ရှိသောဆားများကို မွန်ပြည်နယ်အတွင်း အဓိကအသုံးပြုကာ ပိုလျှံသည့် ဆားများကို မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ငါးလုပ်ငန်းဈေးကွက်များသို့ အဓိက တင်ပို့လျက်ရှိကြောင်း သတ္တုတွင်းဦးစီးဌာန ဆားလုပ်ငန်းဌာန (မွန်ပြည်နယ်) ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဝင်းထံမှ သိရသည်။ ASH

# တောင်တွင်းကြီးမြို့နယ် ငါန်းကျကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ငါန်းကျကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ငါန်းကျကျေးရွာ၌ ရေစက်ရုံတည်ဆောက်နေမှုနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

တောင်တွင်းကြီးမြို့နယ် ငါန်းကျကျေးရွာ၌ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၉ သန်းအသုံးပြုပြီး ရွှေပန်းအောင်ကုမ္ပဏီက တာဝန်ယူ၍ ယခုလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ငါန်းကျကျေးရွာရှိ အိမ်ခြေ ၅၅ အိမ်၊ လူဦးရေ ၃၀၀ နှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး အလွယ်တကူ ရရှိနိုင်မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**နှဲ့ယဉ်**

# ပွင့်သောပန်းတိုင်းလန်းစေဖို့

လင်းလက်

**ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး**

တစ်နေ့တခြား တိုးတက်ပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ခေတ်ကို အမီလိုက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းကြရာ၌ အရင်းအနှီးများရှိရန်လိုအပ်သည်။ သဘာဝသယံဇာတပေါကြွယ်ဝသော နိုင်ငံများအနေဖြင့် မြေပေါ်၊ မြေအောက်သယံဇာတများကို အရင်းအနှီးအဖြစ် အကျိုးရှိရှိအသုံးချ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြသည်။

သို့ရာတွင် သဘာဝသယံဇာတဆိုသည်မှာ ကုန်ခန်းနိုင်ပြီး နိုင်ငံတိုင်းအတွက် လုံလုံလောက်လောက်မရရှိနိုင်သဖြင့် အကျိုးရှိရှိအသုံးချနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ရှိရန်လိုအပ်သည်။ သဘာဝသယံဇာတပေါကြွယ်ဝမှု မရှိသော်လည်း ရှိရင်းစွဲ လူသားအရင်းအနှီးများကို အကျိုးရှိရှိ အသုံးချ၍ ဖွံ့ဖြိုးတိုးတက်သွားသော နိုင်ငံများကို အတုယူရမည်ဖြစ်သည်။

**မှန်ကန်သောရင်းနှီးမြှုပ်နှံမှု**

သဘာဝသယံဇာတ မည်မျှပင်ကြွယ်ဝစေကာမူ အကျိုးရှိရှိအသုံးချတတ်သည့် လူ့စွမ်းအားအရင်းအမြစ်မရှိပါက တစ်ချိန်တွင် သယံဇာတကျိန်စာသင့်ကာ ဆင်းရဲတွင်းသို့ သက်ဆင်းနိုင်သဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် သဘာဝသယံဇာတများအပေါ်တွင် အလွန်အကျွံ အားပြုနေခြင်းကို ရှောင်ရှားရမည်ဖြစ်သည်။

တီထွင်ဆန်းသစ်မှု၊ နည်းပညာဖန်တီးမှုအားလုံးကို လူသားများက စွမ်းဆောင်နိုင်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစွမ်းဆောင်နိုင်သူများမှာ ထိုနိုင်ငံရှိနိုင်ငံသားများပင်ဖြစ်သဖြင့် အသိပညာတည်းဟူသော “နိုင်ငံချစ်စိတ်၊ အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးစိတ်၊ မိမိနိုင်ငံအပေါ် ပေးဆပ်လိုစိတ်”တို့ရှိရန် လိုအပ်သကဲ့သို့ အတတ်ပညာပိုင်းတွင်လည်း “နှုတ်မှုပညာ၊ လက်မှုပညာများနှင့် ခေတ်မီနည်းပညာများ”ကို တတ်မြောက်ရန်လိုအပ်သည်။ ထို့ကြောင့် ပညာရှင်များက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းကြခြင်းပင်ဖြစ်သည်။

**အစကောင်းမှအနှောင်းသေချာ**

ကမ္ဘာ့လူဦးရေ ရှစ်ဘီလီယံကျော်တွင် အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်းရှိ လူငယ်ဦးရေ ၁ ဒသမ ၂ ဘီလီယံကျော်ရှိသည်။ လူငယ်များသည် ကမ္ဘာကြီးအတွက် တန်ဖိုးမဖြတ်နိုင်သော၊ အဖိုးအနဂ္ဃထိုက်သော ရတနာများပင်ဖြစ်သည်ကို နိုင်ငံတကာအသိုက်အဝန်းက လက်ခံသည့်အနေဖြင့် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် အမှတ် ၅၄/၁၂၀ ဖြင့် ဩဂုတ် ၁၂ ရက်ကို “အပြည်ပြည်ဆိုင်ရာလူငယ်များနေ့”အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေကို လေ့လာကြည့်မည်ဆိုပါက ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်မှ ၃၄ နှစ်ကြား လူဦးရေ ၁၆ ဒသမ ၈၉ သန်းရှိသည်ကို တွေ့ရသည်။ ထိုအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချစေရေး နိုင်ငံတော်အနေဖြင့် ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

**လူငယ်ရေးရာမူဝါဒ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၃ တွင် “နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်”ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည်။ ထို့ကြောင့် “ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စွမ်းရည်၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ဦးဆောင်မှုအရည်အသွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးစသည်တို့တွင် သာတူညီမျှ ဘက်စုံဖွံ့ဖြိုးတိုးတက်သောလူငယ်များအဖြစ် ပျိုးထောင်ပေးပြီး နိုင်ငံ့သားကောင်းလူငယ်များပေါ်ထွန်းလာစေရန်” ရည်မှန်းချက်ထားရှိကာ ၂၀၁၇ ခုနှစ်တွင် လူငယ်ရေးရာမူဝါဒကိုချမှတ်ခဲ့ပြီး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄) ကိုလည်း ချမှတ်ထားပြီးဖြစ်သည်ကို တွေ့ရသည်။

❖ လူငယ်လူရွယ်များအနေဖြင့် ကျင့်ဝတ်အမျိုးမျိုးကို တန်ဖိုးထား စောင့်ထိန်းသူများဖြစ်စေရန်၊ အဂတိလိုက်စားမှု အလေ့အကျင့်ဆိုးကို ငယ်ရွယ်စဉ်ကတည်းက ရှောင်ကြဉ်တတ်သူများဖြစ်စေရန်၊ အများအကျိုး သယ်ပိုးထမ်းရွက်သူများဖြစ်စေရန် ရည်ရွယ်သည့်ဖြောင့်မတ်တည်ကြည် မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များနှင့် လူငယ်စကားဝိုင်းများကို မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ကျောင်းသား လူငယ်များကြား ဆောင်ရွက်ပေးနေသည်မှာလည်း အနာဂတ်တွင် ပွင့်လန်းမည့်ပန်းလေးများကို ယုယကာပြုစုကြင်နာပေးသည့် လုပ်ရပ်များ ပင်ဖြစ်သည်။ ❖

**တကယ့်စေတနာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုအလေးထား ဆောင်ရွက်လာသည်ကို တွေ့ရှိရပြီး ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို သီးခြားပြန်လည်ဖွဲ့စည်းခဲ့ခြင်းနှင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် လူငယ်ရေးရာဦးစီးဌာန ဖွဲ့စည်းခြင်းတို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ “လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးလာစေရန်၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေတို့ကို ထိန်းသိမ်းမြှင့်တင်လိုစိတ် တိုးပွားလာစေရန်၊ နိုင်ငံနှင့် လူမျိုးအပေါ် ချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး နိုင်ငံတော်ကို ကာကွယ်လိုစိတ်များ ပေါ်ထွန်းလာစေရန်”ရည်ရွယ်၍ လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ ခုနစ်ရပ်၊ ရည်မှန်းချက် ခုနစ်ရပ်နှင့် လုပ်ငန်းစဉ် ၁၀ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

**လူငယ်သီတင်းပတ်လှုပ်ရှားမှု**

ကဏ္ဍပေါင်းစုံတွင် တွေ့ကြုံရနိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်ဖြတ်နိုင်သည့် လူငယ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပညာရေးတွင် အခြေခံပညာရေးမှစ၍ ပြုပြင်ပြောင်းလဲမှုများ အင်တိုက်အားတိုက် ဆောင်ရွက်နေသကဲ့သို့ ပညာရေးနှင့်ဝေးကွာခဲ့သူများအတွက်လည်း အသက်မွေးမှုပညာသင်တန်းများ ဖွင့်လှစ်ပေးနေသည်ကို တွေ့ရသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၄ ရက်မှ ၈ ရက်ထိကို “လူငယ်သီတင်းပတ်လှုပ်ရှားမှုရက်သတ္တပတ်” အဖြစ် သတ်မှတ်ကာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ခြင်းသည် အနာဂတ်မျိုးဆက်သစ်များကို အလေးထားသည့် နိုင်ငံတော်၏စေတနာပင်ဖြစ်သည်။

**သမိုင်းမှတ်တိုင်သစ်**

ကျန်းမာကြံ့ခိုင်၍ ဗလငါးတန်ပြည့်ဝသည့် မျိုးဆက်သစ်လူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် နွေရာသီအားကစား အခြေခံသင်တန်းများကိုလည်း စဉ်ဆက်မပြတ်ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် အခြားလိုအပ်သည်များကို စနစ်တကျပံ့ပိုးပေးခြင်းတို့ကြောင့် မျိုးဆက်သစ်လူငယ်များ၏ အားကစားစွမ်းရည်များ တိုးတက်လာပြီး ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၃ ခုနှစ် မေ ၅ ရက်မှ ၁၇ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မျိုးဆက်သစ်လူငယ်အားကစားသမားများက အားကစားနည်း ၁၇ နည်းတွင် ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု စုစုပေါင်းဆုတံဆိပ် ၁၁၄ ခု ရရှိခဲ့ပြီး အောင်မြင်မှုအများဆုံးရရှိခဲ့သည့် မှတ်တမ်းတစ်ခု စိုက်ထူထားနိုင်ခဲ့ပြီဖြစ်သည်။

**ဘက်စုံထောင့်စုံ**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးသည့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် လူငယ်များအပြည့်အဝပါဝင်ခွင့်ရရှိစေရန်နှင့် ငြိမ်းချမ်းရေးကို တန်ဖိုးထားတတ်သောလူငယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ ငြိမ်းချမ်းရေးဆိုင်ရာ လူငယ်စကားဝိုင်းများကိုအခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ထို့ပြင် လူငယ်လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံတကာဆွေးနွေးပွဲများတွင် လူငယ်များ ပါဝင်ဆောင်ရွက်စေခြင်းတို့ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး”ဆိုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်အနက် နိုင်ငံရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် လူငယ်များပါဝင်လာစေရေး ဦးတည်သည့် ဆောင်ရွက်ချက်များပင်ဖြစ်သည်။

**အကျိုးရှိစွာအသုံးချ**

၂၀၂၀ ပြည့်နှစ် နှစ်စဉ် လုပ်သားအင်အားစစ်တမ်းပထမအကြိမ် အစီရင်ခံစာအရ မြန်မာနိုင်ငံတွင်လုပ်သားအင်အား ၂၂ ဒသမ ၂ သန်းရှိသည်ကို တွေ့ရပြီး ၂၀၂၀-၂၀၂၃ ခုနှစ်၊ လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာအရ ၂၀၃၀ ပြည့်နှစ်တွင် လုပ်သားအင်အား ၂၅ သန်းကျော်ရှိလာနိုင်သည်ဟု ခန့်မှန်းတွက်ချက်ထားသည်ကို တွေ့ရသည်။ ထိုလုပ်သားအင်အားများကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် မှန်ကန်သည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေဖြင့် လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး “နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”ဆိုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက်ကိုချမှတ်ကာ လူငယ်ကဏ္ဍဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။

**ဗလငါးတန်ဖွံ့ဖြိုးဖို့**

လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် စာရိတ္တဗလပြည့်စုံကောင်းမွန်စေရေးသည် အရေးကြီးဆုံးဖြစ်သည်။ ကိုယ်ကျင့်တရား ကျင့်ဝတ်သီလစောင့်ထိန်းသူများဖြစ်စေရန်အတွက် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ရမည်ဖြစ်သဖြင့် ပြည်သူ့နီတိသင်ခန်းစာများကို အခြေခံပညာကျောင်းများတွင် လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်သည်။ ကိုယ်ကျင့်တရားပျက်ယွင်းသူသည် မကောင်းမှုဒုစရိုက်များကို ကျူးလွန်ရန်လွယ်ကူပြီး သူတစ်ပါးပစ္စည်း၊ အများပိုင်ပစ္စည်းများကို မတရားရယူခြင်းဖြစ်သည့် အဂတိလိုက်စားမှုကိုလည်း လွယ်လင့်တကူကျူးလွန်တတ်ကြသဖြင့် မကောင်းမှုဒုစရိုက်မှန်သမျှကို ငယ်စဉ်ကတည်းက မကျူးလွန်မိစေရေး အလေးထားပြုစုပျိုးထောင်သင့်သည်။

လူငယ်လူရွယ်များအနေဖြင့် ကျင့်ဝတ်အမျိုးမျိုးကို တန်ဖိုးထားစောင့်ထိန်းသူများဖြစ်စေရန်၊ အဂတိလိုက်စားမှုအလေ့အကျင့်ဆိုးကို ငယ်ရွယ်စဉ်ကတည်းက ရှောင်ကြဉ်တတ်သူများဖြစ်စေရန်၊ အများအကျိုး သယ်ပိုးထမ်းရွက်သူများဖြစ်စေရန် ရည်ရွယ်သည့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေးအစီအစဉ်များနှင့် လူငယ်စကားဝိုင်းများကို မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က ကျောင်းသားလူငယ်များကြား ဆောင်ရွက်ပေးနေသည်မှာလည်း အနာဂတ်တွင် ပွင့်လန်းမည့် ပန်းလေးများကို ယုယကာပြုစုကြင်နာပေးသည့် လုပ်ရပ်များပင်ဖြစ်သည်။

**ပွင့်သောပန်းတိုင်းလန်းစေလို**

တန်ဖိုးမဖြတ်နိုင်သော သဘာဝသယံဇာတအရင်းအမြစ်များနှင့်အတူ မြန်မာ့ဥယျာဉ်အတွင်း ပွင့်လန်းနေသည့် မြန်မာ့လူငယ် တော်ဝင်ပန်းလေးများသည် နိုင်ငံတော်၏ ပကတိစေတနာဖြင့် ပြုစုပျိုးထောင်ပေးမှုများကြောင့် လရောင်ဆမ်း၍ ပွင့်သောကုမုဒြာပန်းလေးများအသွင်ဖြင့် မြန်မာနိုင်ငံအနာဂတ်ကို အလှဆင်နိုင်မည်ဟုယုံကြည်ရင်းဖြင့် “ပွင့်သောပန်းတိုင်းလန်းစေကြောင်း” ဆုမွန်ကောင်းတောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- **နေ့စဉ်ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် ရတနာပုံသတင်းစာတို့မှ ကောက်နုတ်တင်ပြချက်များ**

# ခြေရည်တူအသင်းတွေထိပ်တိုက်တွေ့ဆုံမှုထဲက အိမ်ကွင်းကစားပုံထက်မြက်နေတဲ့ ပဲလေ့စ်အသင်း၊ ယူနီယံဘာလင်အသင်း၊ အိုဆာဆူနာအသင်းတို့ကို အားပေးရမှာပါ

ML



ဒီတစ်ပတ်စနေနေ့ညမှာ ကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မှာ သေချာပါတယ်။ ကြားရက်မှာတော့ ဥရောပပြိုင်ပွဲတွေ ရှိခဲ့တာကြောင့် ဒဏ်ရာရ၊ ပွဲပန်းမှုတွေကို သတိထားစောင့်ကြည့်ရမှာဖြစ်ပြီး ကစားသမားအင်အားတောင့်တင်းတဲ့ အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။ ဒီတစ်ပတ်စနေနေ့ညမှာတော့ အသင်းကြီးပွဲစဉ်တွေကိုရှောင်ပြီး ခြေရည်တူအသင်းတွေထဲက ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းတွေနဲ့ အိမ်ကွင်းကစားပုံထက်မြက်တဲ့ အသင်းတွေကိုသာ အဓိကထား အားပေးရမှာဖြစ်ပါတယ်။

## ပဲလေ့စ်အသင်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ပဲလေ့စ်အသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ပဲလေ့စ်အသင်းဟာ ပြီးခဲ့တဲ့ အဝေးကွင်း ပွဲစဉ်မှာတော့ အေဗီလာအသင်းကို သုံးဂိုး တစ်ဂိုးနဲ့ ရှုံးခဲ့ပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာတော့ ဝုဗ်အသင်းကို သုံးဂိုး နှစ်ဂိုးနဲ့အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲငါးပွဲအပြီးမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုး ခုနစ်ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြရှိုင်ဟော့ဆန်ဟာ အခုပွဲစဉ်မှာ အိမ်ကွင်းနိုင်ပွဲပြန်ရှာဖို့အတွက် ခံစစ်ပိုင်းပြင်ဆင်လာမှာဖြစ်သလို အန်ဒါဆင်၊ ဂူဟီတို့ကို ဗဟိုခံစစ်မှာ ပြန်လည်အသုံးပြုလာဖို့များပါတယ်။ ပဲလေ့စ်ဟာတိုက်စစ်ပိုင်းမှာ ဇာဟာကို လက်လွှတ်ခဲ့ရပေမဲ့ အီဇိုအာ့၊ အက်ဇီတို့က တိုက်စစ်ပိုင်းလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ခဲ့ပြီး အီဇိုအာ့က သွင်းဂိုးလေးဂိုးနဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ ဒဏ်ရာရ ကစားသမား ခုနစ်ယောက်ထိ ရှိနေပေမဲ့ အဓိကတိုက်စစ်ကစားသမားတွေ ပါဝင်ကစားနိုင်မှာဖြစ်လို့ ကစားအားကျဆင်းသွားမှာ မဟုတ်ပါဘူး။

ဖူလ်ဟမ်အသင်းကလည်း အမှတ်ပေးပွဲငါးပွဲကစားအပြီးမှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ်ခုနစ်မှတ်နဲ့အဆင့်(၁၀)မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ တိုက်စစ်မှူးမက်ထရိုဗစ် ထွက်ခွာပြီးနောက်ပိုင်း အသင်းတိုက်စစ်ပိုင်း ကျဆင်းသွားခဲ့သလို အမှတ်ပေးပြိုင်ပွဲငါးပွဲမှာလဲ ခံစစ်ပိုင်းက ပေးဂိုး ၁၀ ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ အဲဗာတန်ကိုအနိုင်ရခဲ့ပေမဲ့ မန်စီးတီးနဲ့ အာဆင်နယ်တို့ကို အနိုင်မရခဲ့ဘဲ ခံစစ်ပိုင်းက ပေးဂိုး ခုနစ်ဂိုးခွင့်ပြုခဲ့ရတာကိုကြည့်ရင် တိုက်စစ်ထက်မြက်တဲ့ အသင်းတွေကို အလွယ်တကူ ဂိုးပေးနေရတယ်လို့ ဆိုရမှာပါ။ အခုပွဲစဉ်မှာလဲ ပဲလေ့စ်လို အိမ်ကွင်းတိုက်စစ်ကောင်းတဲ့အသင်းကို ဖူလ်ဟမ်အသင်း ခံစစ်ပိုင်းထိန်းချုပ်ဖို့ မကြိုးစားဘဲ တိုက်စစ်အားပြုကစားမယ်ဆိုရင် ပေးဂိုးများသွားမှာသေချာပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှုမှာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး လက်ရှိမှာ အိမ်ကွင်းနိုင်ပွဲရှာရမဲ့ ပဲလေ့စ်အသင်းကိုပဲ အားပေးရမှာပါ။

**ပဲလေ့စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၀ | - | ၁ | အာဆင်နယ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | ပဲလေ့စ် |
| ပလိုင်းမောက် | ၂ | - | ၄ | ပဲလေ့စ် |
| ပဲလေ့စ် | ၃ | - | ၂ | ဝုဗ် |
| အေဗီလာ | ၃ | - | ၁ | ပဲလေ့စ် |

**ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၀ | - | ၃ | ဘရန့်ဖို့ဒ် |
| အာဆင်နယ် | ၂ | - | ၂ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ၁ | စပါး |
| မန်စီးတီး | ၅ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ၀ | လူတန် |

## ယူနီယံဘာလင်အသင်းကို ရွေးချယ်ရမှာပါ

ဘွန်ဒက်လီဂါပွဲစဉ်(၄)မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ယူနီယံဘာလင်အသင်းနဲ့ ဟော်ဖန်ဟိမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ယူနီယံဘာလင်အသင်းဟာ နောက်ဆုံးသုံးပွဲဆက် ရှုံးပွဲကြုံခဲ့ရပေမဲ့ လိုက်ပ်ဇစ်၊ ဝုဖ်ဘတ်၊ ရီးရဲလ်မက်ဒရစ်တို့နဲ့ ပွဲကျပ်ကစားခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ကြားရက်က ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ရီးရဲလ်မက်ဒရစ်ကို အဝေးကွင်းမှာ အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ခံစစ်အသားပေးကစားပြီး ရီးရဲလ်ကို တန်ပြန်တိုက်စစ်ကနေ ပြန်လည်ဖိအားပေးနိုင်ခဲ့ပေမဲ့ နာကျင်အချိန်ပိုမှာ မထင်မှတ်ဘဲ ဦးဆောင်ဂိုး ပေးလိုက်ရပြီး ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ လက်ရှိမှာ သူတို့အသင်းဟာ အမှတ်ပေးပွဲလေးမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး အဆင့်(၈)မှာရပ်တည်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းနည်းပြဟာ အိမ်ကွင်းကစားပုံကို ပြန်လည်ပြင်ဆင်ပြီး ရီးရဲလ်မက်ဒရစ်နဲ့ ပွဲကစားပုံတိုင်း ကစားလာမယ်ဆိုရင်တော့ ဟော်ဖန်ဟိမ်းအသင်းကို အနိုင်ရသွားမှာဖြစ်ပါတယ်။

ဟော်ဖန်ဟိမ်းအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် ထွက်ပေါ်ခဲ့ပြီး ရလဒ်ကောင်းတယ်လို့ဆိုရမှာပါ။ အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရခဲ့ပြီး သွင်းဂိုး ၁၄ ဂိုးထိရခဲ့သလို ခံစစ်ပိုင်းကလဲ ပွဲတိုင်းပေးဂိုးရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းတွေ့ဆုံခဲ့တဲ့အသင်းတွေက ဟိုဒန်ဟိမ်း၊ ကိုလုံး၊ လုခ်ဘတ်တို့လို အသင်းတွေနဲ့ဖြစ်တာကို သတိပြုရမှာပါ။ သူတို့အသင်းဟာ လက်ရှိအချိန်ထိ အိမ်ကွင်းကစားပုံမာကျောတဲ့အသင်းတွေနဲ့ တွေ့ဆုံခြင်းမရှိသေးတာကြောင့် ရလဒ်ကောင်းနေတာဖြစ်ပြီး ယူနီယံဘာလင်လို အိမ်ကွင်းမာကျောတဲ့အသင်းကိုတော့ ကျော်ဖြတ်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဒါ့ပြင် အသင်းတိုင်းကို ဂိုးပေးထားတဲ့ သူတို့အသင်းခံစစ်ပိုင်းအနေနဲ့ အခုပွဲစဉ်မှာ ပြင်ဆင်နိုင်မှုမရှိခဲ့ရင်တော့ ယူနီယံဘာလင်ရဲ့ တိုက်စစ်မှူး ဘီရန်းနဲ့ဘက်ခ်ကာတို့ကို ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းနေတဲ့ ယူနီယံဘာလင်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၄ | - | ၁ | မိန့် |
| ဒမ်စတက် | ၁ | - | ၄ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၀ | - | ၃ | လိုက်ပ်ဇစ် |
| ဝုဖ်ဘတ် | ၂ | - | ၁ | ယူနီယံဘာလင် |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၀ | ယူနီယံဘာလင် |

**ဟော်ဖန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လုခ်ဘတ် | ၁ | - | ၄ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၁ | - | ၂ | ဖရိုင်းဘတ် |
| ဟိဒန်ဟိမ်း | ၂ | - | ၃ | ဟော်ဖန်ဟိမ်း |
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | ဝုဖ်ဘတ် |
| ကိုလုံး | ၁ | - | ၃ | ဟော်ဖန်ဟိမ်း |

## အိုဆာဆူနာအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာ ကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အိုဆာဆူနာအသင်းနဲ့ ဆီဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အိုဆာဆူနာအသင်းဟာ နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်ပွဲရထားပေမဲ့ တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ငါးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးနဲ့ တိုက်စစ်ပိုင်းက ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲရှုံးနဲ့ အမှတ်ပေးဇယားအဆင့်(၁၂)မှာရောက်ရှိနေတာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရမှသာ ဥရောပယှဉ်ပြိုင်ခွင့်အတွက် မျှော်လင့်ချက်ရှိမှာ ဖြစ်ပါတယ်။ နည်းပြအာရာဆာတီကတော့ ခြေရည်တူအသင်းနဲ့တွေ့ရင် ၄-၃-၃ ကစားကွက်နဲ့သာ ပွဲထွက်နေပေမဲ့ အခုရာသီအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်နိုင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့် အဝေးကွင်းခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဆီဗီလာနဲ့ တွေ့ဆုံချိန်မှာ ရမှတ်ရှာဖွေဖို့အတွက် အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးအိမ်ကွင်းပွဲစဉ်မှာ ဘာစီလိုနာနဲ့ ကစားခဲ့ရပေမဲ့ အဲဒီပွဲစဉ်က တန်ပြန်တိုက်စစ်ကစားပုံက ဘာစီလိုနာကိုတောင် ခြိမ်းခြောက်နိုင်ခဲ့ပြီး ဂိုးရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုအိမ်ကွင်းမှာလဲ ဘာစီလိုနာနဲ့ပွဲစဉ်က ခြေစွမ်းမျိုးကို ဆက်လက်ထိန်းသိမ်းနိုင်မယ်ဆိုရင် အိုဆာဆူနာအသင်း ရလဒ်ကောင်းမှာဖြစ်ပါတယ်။

ဆီဗီလာအသင်းကတော့ အပြောင်းအရွှေ့ကာလမှာ ဂိုးသမားဘိုနို၊ ခံစစ်ကစားသမား မွန်တီရယ်၊ ဒီလာနေးတို့ကို လက်လွှတ်ခဲ့ပြီးနောက်ပိုင်း ခံစစ်ကစားအားကျဆင်းသွားခဲ့တာ ဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲ လေးပွဲမှာ တစ်ပွဲနိုင်၊ သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ ခံစစ်ပိုင်းက ပေးဂိုးရှစ်ဂိုးထိ ခွင့်ပြုခဲ့ရတာကို တွေ့ရမှာပါ။ နည်းပြမန်ဒီလီဘာလက်ထက်မှာ ယူရိုပါလိဂ်ဆုဖလားရရှိခဲ့ပြီး ရလဒ်ကောင်းခဲ့ပေမဲ့ အခုရာသီမှာတော့ ခံစစ်ပိုင်းအားနည်းချက်ကို ပြင်ဆင်ရင်း တိုက်စစ်ပိုင်းကပါ ဂိုးရဖို့ခက်ခဲနေတာဖြစ်ပါတယ်။ လက်ရှိအသင်းတိုက်စစ်ကိုတော့ အန်ညက်ဆီရီ၊ အိုကမ်ပိုစ်တို့ ဦးဆောင်နေပေမဲ့ ခံစစ်အားပြုကစားတဲ့ အသင်းတွေနဲ့ဆို ဂိုးရဖို့ရုန်းကန်နေရတာကို တွေ့ရမှာပါ။ ဒါ့ပြင် ကြားရက်က ချန်ပီယံလိဂ်ပြိုင်ပွဲကစားခဲ့ရတာကြောင့်လဲ ကစားသမားတွေ ပွဲပန်းမှုရှိနေမှာသေချာပါတယ်။ အထူးသဖြင့် ကစားသမားစုဖွဲ့မှု အားနည်းတဲ့ သူတို့အသင်းအတွက် ပွဲပန်းမှုဒဏ်က အဓိကထိုးနှက်ချက်ဖြစ်နေပြီး ခံစစ်ပိုင်းကျဆင်းနေတာကြောင့်လဲ အခုပွဲစဉ်မှာ အိမ်ရှင် အိုဆာဆူနာအသင်းနဲ့ လက်တွဲရမှာပါ။

**အိုဆာဆူနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | ၁ | - | ၂ | ဘရူဂျက် |
| ဗလင်စီယာ | ၁ | - | ၂ | အိုဆာဆူနာ |
| ဘရူဂျက် | ၂ | - | ၂ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၁ | - | ၂ | ဘာစီလိုနာ |
| ဂီတာဖေး | ၃ | - | ၂ | အိုဆာဆူနာ |

**ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၁ | - | ၁ | ဗလင်စီယာ |
| အလာဗက် | ၄ | - | ၃ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၂ | ဂျိရိုနာ |
| ဆီဗီလာ | ၁ | - | ၀ | လက်ပါးမက် |
| ဆီဗီလာ | ၁ | - | ၁ | လန်း |

# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





**ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉၆၉၁၂၃၀၆၃၉**

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၄၊ ၀၉ ၄၅၄၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့ပင်လယ်စာဆိုင်တွင်တာဝန်ထမ်းဆောင်ရန်

**– ကွန်ပျူတာစာရေးမ (၁)ဦး အလိုရှိသည်**

- အထက်တန်းအောင်မြင်ရမည်။
- မှတ်ပုံတင်မူရင်းရှိရမည်။
- Level (1), (2) တတ်ကျွမ်းရမည်။
- အခြေခံလစာ (200,000)-ရက်မှန်ကြေး (20,000)
- နေစရာပေးသည်။
- ဆက်သွယ်ရန်ဖုန်း 09-254552882

CV Formနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့ လမ်း 60, 108 × 109 ရှမ်းမင်ကုန်ခြောက်ဆိုင်တွင်တာဝန်ထမ်းဆောင်ရန်

**– အရောင်းစာရေးမ (၁)ဦး အလိုရှိသည်**

- အထက်တန်းအောင်မြင်သူဖြစ်ရမည်။
- မှတ်ပုံတင်မူရင်းရှိရမည်။ နေစရာပေးသည်။
- အခြေခံလစာ (150,000)-ရက်မှန်ကြေး (20,000)
- အလုပ်ချိန် (နံနက် 8:00 မှ ညနေ 5:00 ထိ)
- ဆက်သွယ်ရန် 09-408564881

CV Formနှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## ဖခင်အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်း၊ အမှတ်(၂၂)အခြေခံပညာအလယ်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မနှင်းဝေမာအောင် ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇေ ဖြစ်ပါကြောင်း။ **ဦးဇေ(၈/နမန(နိုင်)၁၂၃၆၇၈)**

## ဝန်ထမ်းအလိုရှိသည်

မန္တလေးမြို့ TSEE CCTV ဆိုင်တွင် တာဝန်ထမ်းဆောင်ရန်

**– CCTV တပ်ဆင်ရန် ကျား (၅) ဦး အလိုရှိသည်**

- လုပ်ငန်းကျွမ်းကျင်သူ ဦးစားပေးမည်။
- အခြေခံလစာ (200,000)
- 82 လမ်း, 36×37 ကြား
- ဆက်သွယ်ရန်ဖုန်း 09-971540612 , 09-971540615

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်း၊ ၈၂×၈၃ကြားနေ ဦးကံရှား (ခ) ပူရိန္ဒာဗဟာဒူး (၅/ကလထ(နိုင်)၁၀၇၁၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-706866) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၆၃၃၄၉၁၈၀**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အမရပူရမြို့နယ်နေ တေဇာဝင်း (ဘ) ဦးဝင်း (၉/အမရ(နိုင်)၁၀၂၈၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-204123) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၇၂၆၄၄၄၁၇**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ် အကွက်(၅၈၁) နေ မောင်မင်းသန့်ဇင်(ဘ)ဦးသန့်ဇင် (၉/စအဓ(နိုင်)၀၂၅၆၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-095850)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၃၀၆၃၆၈၃

## ပျောက်ဆုံးကြောင်း

ငါးသရောက်မြို့နယ်နေ မောင်ကြည်လင်း (ဘ)ဦးအော်ဝင်း (၉/ငသရ(နိုင်)၀၁၃၂၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-387710)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၈၉၂၈၃၂၂

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေ…

❖ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည်မဟုတ်သည်ကို သတိပြုစေလို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေး



**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးစဉ်။**

**နေပြည်တော် စက်တင်ဘာ ၂၁**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့်ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် **စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ